မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၀ခုနှစ်၊ ဧပြီ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၉၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်နိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်အား သမ္မတနန်းတော်၌ တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက် (H.E Nguyen Minh Triet) အား တွေ့ဆုံနှုတ်ဆက်သည်။

ရောက်ရှိ

ရှေးဦးစွာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်သို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ သမ္မတ နန်းတော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၉ ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) တတိယထပ် အခန်းအမှတ်(၃၃၉)၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ *စာမျက်နှာ ၃ ကော်လံ ၃* ❐

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဧပြီ ၁၁ရက်)

ရာသီဥတုနှင့် လိုက်ဖက်ညီစွာ ပြုမူကျင့်ကြံနေထိုင်

ယခုအခါ ရာသီဥတုပူပြင်းသောကာလဖြစ်၍ ပြည်သူများအနေဖြင့် ကျန်းမာရေးကို အထူးဂရုပြု နေထိုင်စားသောက်ကြရမည့် အချိန်အခါဖြစ်သည်။

ဒေသအသီးသီး၏ အပူချိန်မြင့်မားမှုကို မီဒီယာများတွင် ပြည်သူများသိရှိစေရန် ဖော်ပြလျက်ရှိသည်။ ရာသီဥတု ပူပြင်းသောအချိန်တွင် လူ၏ ခန္ဓာကိုယ်သည်လည်း ချွေးထွက်များပြီး ဓာတ်ဆားဆုံးရှုံးမှုများ များပြားလာရသည်။ အပူဒဏ်ကြောင့် စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်မှုဖြစ်ပေါ်စေသည်။

ပူပြင်းသော အချိန်ကာလတွင် မိမိစားသော အစားအသောက်သည်လည်း အရေးကြီးသည်။ ခန္ဓာကိုယ်အတွင်း သွေးတိုးနှုန်းမြင့်မားသော အစားအစာများကို သတိပြု ဆင်ခြင်ကြရမည်ဖြစ်သည်။ အရက်သောက်ခြင်းဖြင့် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေ၍ သတိပြုရှောင်ကြဉ်ကြရပေမည်။

ပူပြင်းသောအချိန်၌ လွင်တီးခေါင်ပြင် မြစ်ကမ်းနားရေဆိပ်တို့တွင် ရေချိုးခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ဆီးချို၊ နှလုံးနှင့် သွေးတိုးရောဂါအခံရှိသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများသည် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ သက်သောင့်သက်သာ နားနေသင့်ကြသည်။

ခန္ဓာကိုယ် ချွေးထွက်များခြင်းကြောင့် ကိုယ်တွင်းရှိ ဓာတ်ဆားနှင့် ရေဆုံးရှုံးမှုကို ပြန်လည်ဖြည့်ဆည်းရန်အတွက် ဓာတ်ဆားရည်ကို ဖြည့်တင်း ပေးရမည် ဖြစ်သည်။

ယခုကဲ့သို့ ပူပြင်းသောရာသီတွင် သက်ရှည်ကျန်းမာရေးအတွက် ဂရုပြုနေထိုင်ရာတွင် ဝတ်စားဆင်ယင်မှုသည်လည်း အရေးကြီးပေရာ အပူဒဏ်ကို ကာကွယ်သည့် ပေါ့ပါးသော အဝတ်အထည်များ၊ ခန္ဓာကိုယ် သက်သောင့်သက်သာဖြစ်စေသော အဝတ်အထည်များကိုသာ ဂရုပြုဝတ်ဆင်ကြရမည် ဖြစ်သည်။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပွားခဲ့လျှင်လည်း နီးစပ်ရာ ဆေးရုံဆေးခန်းသို့ အမြန်ဆုံး သွားရောက်ပြသကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ပူပြင်းသောကာလတွင် ပြည်သူများအနေဖြင့် မိမိတို့၏ ကျန်းမာရေးကို အထူးဂရုစိုက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်သတိပေးချက်များကို အလေးအနက်ထား လိုက်နာကျင့်ကြံ ပြုမူနေထိုင်ကြပါက သက်ရှည်ကျန်းမာစွာဖြင့် နိစ္စဓူဝ လှုပ်ရှားသွားလာ နေထိုင်နိုင်ကြမည်ဖြစ်ပါကြောင်း အသိပေးရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၁၂-၄-၂၀၁၀

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် (မောရသုတ်+ဝဋ္ဋသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀ (၃၈)ဖြာ မင်္ဂလာ
၇:၃၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၁၀:၀၀ အမှတ်တရ တေးလက်ဆောင်
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၀:၄၅ လယ်ယာစီးပွား (ပြည်ပပို့ကုန် ပဲစင်းငုံ တိုးချဲ့စိုက်ပျိုး ဝင်ငွေတိုး) တေးသီချင်း
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ မေတို့တွက်တာအလုပ်ကမ္ဘာ (ကိုရီးယားသူတွေရဲ့ အလုပြင်နည်း)
၁၁:၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၃၀ သိပ္ပံပညာသိကောင်းစရာ [ရောင်းဟော့(ဖ်)မန်း- ဒေါက်တာခင်မောင်ညို]
၁၁:၄၀ တေးပဒေသာ
၁၂:၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂:၁၅ အလုပ်အကိုင်အခွင့်အလမ်း (သာသနာရေး)
၁၂:၂၀ တေးပဒေသာ
၁၂:၃၀ အားကစား သတင်းပဒေသာ
၁၂:၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃:၀၀ မွန်းလွဲပိုင်းသတင်း တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀ သောတရှင်လိုရာတေး
၁၇:၀၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (နုပျိုကျန်းမာ ဖော်မြူလာ)
၁၇:၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၅ အင်္ဂလိပ်စာ သုတပဒေသာ(၂) ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၁၀ ရေဒီယိုဇာတ်လမ်းတွဲများ **အဖြူရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်** (အပိုင်း-၁) နိုင်ငံရေးဦးတည်ချက်
၁၉:၄၀ ပြုံးပဒေသာ တေးပဒေသာ
၂၀:၀၀ ပြည်တွင်းသတင်း
၂၀:၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (မေသဥ္စာဦးတို့ဇနီးမောင်နှံ)
၂၀:၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁:၀၀ သီချင်းကြီး လူမှုရေးဦးတည်ချက်
၂၁:၁၅ ခံစားနားဆင် မြန်မာတေးသံစဉ် တေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗိုလ်မင်းရောင်လမ်းနေ ဒေါ်လှလှမြင့်အား ရည်စူး၍ ဘိုးလှထွန်း (၈၂)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် သမီးကြီး ဦးမျိုးဝင်း-ဒေါ်ခင်ဝင်းမော်၊ သမီးငယ် ဦးတင်ကြည်ရှင်-ဒေါ်ခင်အေးမော်၊ မြေးမောင်ထူးဝေအောင်မိသားစုက သောက်ရေသန့်စက်အတွက် ငွေကျပ် ၁၀သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ရေဝတီတံတား(ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်း တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၀

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၄ရက်က မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဧရာဝတီတံတား (ပခုက္ကူ)တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိခဲ့ကြရာ စီမံကိန်းရှင်းလင်းဆောင်ခန်းမ၌ အင်ဂျင်နီယာချုပ် ဦးရွှေလေးက ဧရာဝတီတံတား(ပခုက္ကူ)၏ တံတားအကြောင်းရာဖွေထားရှိမှု၊ ပင်မတံတား အောက်ခြေထည်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စီမံကိန်းလုပ်ငန်းခွင်ရှိ စက်ယန္တရားများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ **(အပေါ်ပုံ)**

ပြီးစီးမှု

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ပခုက္ကူမြို့ အမှတ်(၁၄)ရပ်ကွက်ရှိ တိုးချဲ့အိမ်ရာသို့ သွားရောက်ခဲ့ပြီး အိမ်ရာသစ်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မုံရွာမြို့ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာအစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်း ၂၀၀၉-၂၀၁၀ခုနှစ် နွေစပါးစိုက်ပျိုးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၁-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့ စိန်ခေါ်သံ** (အပိုင်း-၄၀)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **တန်ခူးလမှာရက်ရာဇာ** စုမီ၊ သင်ဇာဝင့်ကျော်၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များ (ဒါရိုက်တာကျော်ဇောလင်း အတွေးပုံရိပ်)
၁၃:၃၀ ၆။ ကျန်းမာသုတ
၁၄:၀၀ ၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၂၅)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၀။ ဘဝကြေးမုံ
၇:၀၀ ၁၁။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့**(အပိုင်း-၆၇)
၈:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၇။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း** (အပိုင်း-၃၆)
၁၈။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၁၇)

အဖျက်မီးရန် စဉ်တွန်းလှန် မြန်ပြည် အေးချမ်းမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်္နိုင်းမြို့ရှိ သမ္မတနန်းတော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်က ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ရှေ့ဖုံးမှ*

တွေ့ဆုံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်အား တွေ့ဆုံနှုတ်ဆက်ကြသည်။

တက်ရောက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် မွန်းလွဲ ၁၂နာရီခွဲတွင် သမ္မတနန်းတော်၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

တက်ရောက်

သီးသန့် အစည်းအဝေးသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယားမူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်ဘုဖာဝမ်း၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီမိုဟာမက်နာဂျစ်ဘင်ထွန်း ဟာဂျီအဗ္ဗဒူရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာမာဂါပါကဲလ်အာရိုယို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ သီးသန့်အစည်းအဝေးမစတင်မီ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရှေးဦးစွာ အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးဖလှယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် ဒေသတွင်းဖွဲ့စည်းတည်ဆောက်မှု၊ စီးပွားရေးနာလန်ထူလာမှုတည်တံ့စေရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရာသီဥတုပြုပြင်ပြောင်းလဲမှုတို့နှင့် စပ်လျဉ်း၍ အမြင်များကို ဆွေးနွေးဖလှယ်ကြသည်။

ရုပ်သိမ်း

ယင်းနောက် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ သီးသန့်အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း

(၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့

နေပြည်တော် ဧပြီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

လက်ခံတွေ့ဆုံ

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဧပြီ ၇ရက် နံနက်ပိုင်းက ဟန်္နိုင်းမြို့ရှိ Sheraton Hanoi Hotel ၌ ဖင်လန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထူးကိုယ်စားလှယ်သံအမတ်ကြီး H.E.Mr.Kari Kahiluoto အား လက်ခံတွေ့ဆုံခဲ့သည်။

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးလိုက်ပါလျက် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးရေးဘဏ် (BIDV) ဥက္ကဋ္ဌ Mr.Tvan Ha အား ဘဏ်အဆောက်အအုံအစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဆွေးနွေး

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညပိုင်းတွင် Hanoi Daewoo Hotel ၌ ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲသို့ တက်ရောက်၍ အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံများ အကောင်အထည်ဖော်မှု မြှင့်တင်ရေး၊ အာဆီယံဒေသဆိုင်ရာအဖွဲ့အစည်း တည်ဆောက်မှုကိစ္စ အာဆီယံ ဗဟိုအချက်အချာကျမှုခိုင်မာရေး၊ အာဆီယံ ပဋိညာဉ်စာတမ်းပါ ဥပဒေများအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဧပြီ ၈ရက် နံနက်ပိုင်းက ဟန်္နိုင်းမြို့ရှိ National Convention Centre ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီအစည်းအဝေးသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုး

ထို့နောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် Protocol to the ASEAN Charter on Dispute Settlement Mechanisms လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

သံလွင်လမ်း (၁၀)ရပ်ကွက် ကမာရွတ်မြို့နယ်နေ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း) ကုန်သွယ်ရေး ဒုတိယဝန်ကြီး(ငြိမ်း)နှင့် ဒေါ်တင်တင်မြင့်တို့၏ (၅၅)နှစ်မြောက် လက်ထပ်မင်္ဂလာအလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

မြောက်ပိုင်းဒေသများ၌ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဧပြီ ၁၀

<u>**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ**</u> လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

<u>**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ**</u> ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

<u>**ဧပြီ ၁၁ ရက် ညနေအထိ ခန့်မှန်းချက်မှာ**</u> ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

<u>**မြန်မာ့ပင်လယ်ပြင်တွင်**</u> လှိုင်းအသင့်အတင့်ရှိမည်။

<u>**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ**</u> မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

<u>**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

<u>**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်**</u> ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

✻ *ကျောဖုံးမှ*

ပြသ

ကမ္ဘာ့အသေးငယ်ဆုံး တယောလေးကို ပြုလုပ်ရခြင်းမှာ တရုတ်တို့၏ လက်မှုပညာကျွမ်းကျင်မှုကို ပြသလိုခြင်းကြောင့်ဖြစ်ကြောင်း မစ္စတာ ချန်လန်ကျီက ပြောကြားသည်။ (အင်တာနက်)

အမေရိကန်၌ကျင်းပမည့် နျူကလီးယား ထိပ်သီးအစည်းအဝေး အစ္စရေးဝန်ကြီးချုပ်တက်ရောက်မည့်အစီအစဉ် ပယ်ဖျက်

ဂျေရုဆလင် ဧပြီ ၁၀

အစ္စရေးဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ယာဟုသည် အမေရိကန်နိုင်ငံ၌ကျင်းပမည့် နျူကလီးယားလုံခြုံရေး ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန်အစီအစဉ်ကို ပယ်ဖျက်လိုက်ကြောင်း အစ္စရေးတာဝန်ရှိသူများက ဧပြီ ၈ရက်၌ ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်
ဘင်ဂျမင်နေတန်ယာဟု

မစ္စတာအိုဘားမားအနေဖြင့် ဖော်ပြပါကိစ္စနှင့် စပ်လျဉ်းပြီး ဝါရှင်တန်မြို့၌ ဧပြီ ၁၂ရက်မှစ၍ နှစ်ရက်တိုင်တိုင် ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များကို လက်ခံဆွေးနွေးလိမ့်မည်ဟုဆိုသည်။

နှုတ်ဆိတ်

အစ္စရေးတို့အနေဖြင့် နျူကလီးယားလက်နက်များပိုင်ဆိုင်မှု၊ မပိုင်ဆိုင်မှုကိစ္စကို နှုတ်ဆိတ်နေသည်။

ဖျက်သိမ်း

နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် အစ္စရေးတို့လက်မှတ်ရေးထိုးရမည်ဟု အီဂျစ်နှင့်တူရကီတို့က ပြောဆိုနေချိန်တွင် ဝန်ကြီးချုပ်နေတန်ယာဟုက အဆိုပါနျူကလီးယားထိပ်သီးအစည်းအဝေးတက်ရောက်ရန်အစီအစဉ်ကို ဖျက်သိမ်းလိုက်ခြင်းဖြစ်သည်။ (အင်တာနက်)

အစ္စရေးနိုင်ငံ၏ နျူကလီးယားလက်နက်ပိုင်ဆိုင်မှုအပေါ် ဖိအားပေးထိန်းချုပ်မှုများ ပိုမိုပြုလုပ်သွားရန် အီဂျစ်နှင့်တူရကီတို့က ကြိုးပမ်းနေချိန်တွင် ဝန်ကြီးချုပ် မစ္စတာနေတန်ယာဟုက အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။

စတင်စမ်းသပ်ပျံသန်း

ဆွစ်ဇာလန်နိုင်ငံ ပါရာနီလေဆိပ်၌ နေရောင်ခြည်စွမ်းအင်သုံး လေယာဉ်စတင်စမ်းသပ်ပျံသန်းမှု ပြုလုပ်နေသည်ကို ဧပြီ ၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်သမ္မတအိုဘားမားနှင့် ရုရှားသမ္မတမက်ဗီဒက်ဗ် နျူကလီးယားလက်နက်လျှော့ချရေးစာချုပ် လက်မှတ်ရေးထိုး

နယူးယောက် ဧပြီ ၁၀

အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် ရုရှားသမ္မတဒီမီထရီမက်ဗီဒက်ဗ်တို့သည်(အောက်ပုံ) **နှစ်နိုင်ငံနျူကလီးယားလက်နက်များ လျှော့ချရေးရည်ရွယ်သည့် စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။**

ချက်သမ္မတနိုင်ငံ ပါရာဟာမြို့၌ လက်မှတ်ရေးထိုးသည့် အဆိုပါစာချုပ်သည် ၁၉၉၁ မဟာဗျူဟာလက်နက်များ လျှော့ပေါ့ရေးစာချုပ်စတက်အား ဆက်ခံသည့် စာချုပ်ဖြစ်သည်။ ယင်းစာချုပ်မှာ ပြီးခဲ့သည့် ဒီဇင်ဘာလက သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

လိုအပ်

ထိုသဘောတူညီချက်အရ အမေရိကန်နှင့်ရုရှားတို့အနေဖြင့် ၎င်းတို့၏ နျူကလီးယားလက်နက်များကို သုံးပုံတစ်ပုံအထိ လျှော့ချရန်လိုအပ်သည်။

အဆိုပါ သဘောတူညီချက်သည် ဖြန့်ကြက်ထားမည့် လောင်ချာများ၊ တိုက်ချင်းပစ်ဒုံးပျံများနှင့် ဗုံးကြဲတိုက်လေယာဉ်ကြီးများ အရေအတွက်ကိုလည်း ကန့်သတ်ရမည်ဖြစ်သည်။ ဤစာချုပ်သည် သမိုင်းဝင်ဖြစ်ရပ်တစ်ခုအဖြစ် အမေရိကန်သမ္မတအိုဘားမားက ချီးကျူးပြောကြားသည်။ ရုရှားသမ္မတ မက်ဗီဒက်ဗ်ကလည်း ဤစာချုပ်က နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်ဟု ပြောကြားသည်။ (အင်တာနက်)

တရုတ်-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှု နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိဟုဆို

ပေကျင်း ဧပြီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်မှုသည် နှစ်နိုင်ငံစလုံးအတွက် အကျိုးရှိသည်ကို သမိုင်းက သက်သေပြခဲ့ပြီဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ဧပြီ ၇ရက်၌ပြောကြားသည်။

အကျိုးကျေးဇူး

နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်း ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်မှုသည် မိမိတို့နှစ်နိုင်ငံအကြား သော်လည်းကောင်း၊ အာရှတိုက်အနေဖြင့် သော်လည်းကောင်း၊ ကမ္ဘာကြီးတစ်ခုလုံး အနေဖြင့်သော်လည်းကောင်း ရရှိဖြစ်ပေါ်လာသော အကျိုးကျေးဇူးများကြောင့် တရုတ်ဝန်ကြီးချုပ်ဝမ်က အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆိုမာနာဟာလီ ခရစ်ရှနာနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီကွေဒေါ်၌ ရေလွှမ်းမိုးမှု အရေးပေါ်ကြေညာချက် ထုတ်ပြန်

ကွီတို ဧပြီ ၁၀

အီကွေဒေါအစိုးရသည် အီကွေဒေါနိုင်ငံ နာပိုပြည်နယ်အရှေ့ပိုင်းဒေသများ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းသဖြင့် ဧပြီ ၈ ရက်က အရေးပေါ်ကြေညာချက် ထုတ်ပြန်လိုက်သည်။

သေဆုံး

နာပိုပြည်နယ်သည် ရေလွှမ်းမှုအများဆုံးခံရသည့် ပြည်နယ်တစ်နယ်ဖြစ်ပြီး ရေလွှမ်းမှုကြောင့် ပြည်သူ ၁၂၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ နှစ်ဦးထက်မနည်း သေဆုံးခဲ့သည်။

ပျက်စီး

မိုးသည်းထန်သဖြင့် အပါနိုမြစ်နှင့် အခြားမြစ်များရေလျှံကာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၌ဒုက္ခ နှစ်ခုအပါအဝင် အိုးအိမ်များ ပျက်စီးခဲ့ရသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန် လူမျိုးစုဒေသ ထိုးစစ်ဆင်တိုက်ခိုက် တာလီဘန် ၁၈ ဦးသေဆုံး

အစ္စလမ္မာဘတ် ဧပြီ ၁၀

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဧပြီ ၉ရက်က လုံခြုံရေးတပ်ဖွဲ့နှင့် စစ်သွေးကြွများ အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားရာ စစ်သွေးကြွ ၁၈ ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

သိမ်းဆည်းရမိ

အိုရာကာဇီလူမျိုးစုဒေသ၌ လုံခြုံရေးတပ်ဖွဲ့က တာလီဘန် ရှာဖွေနှိမ်နင်းရေး ထိုးစစ်အတွင်း စစ်သွေးကြွများ ပုန်းအောင်းရာ စခန်းသုံးခုကို ဖျက်ဆီးနိုင်ခဲ့သည့်အပြင် လက်နက်ခဲယမ်းအမြောက်အမြားကိုပါ သိမ်းဆည်းရမိသည်ဟုဆိုသည်။

ယင်းစစ်ဆင်ရေးကို မတ်လကုန်ပိုင်းမှစတင်၍ ဆင်နွှဲခဲ့ခြင်းဖြစ်ပြီး စစ်သွေးကြွ ၃၀၀ ခန့် သေဆုံးခဲ့သည်။ အမ်အင်န်အေ၊ဆင်ဟွာ

ကာဂျစ္စတန်နိုင်ငံသို့ ရုရှားလေထီးတပ်ဖွဲ့ဝင် ၁၅၀စေလွှတ်

မော်စကို ဧပြီ ၁၀

ရုရှားအစိုးရက ကာဂျစ္စတန်နိုင်ငံ အမေရိကန် လေတပ်အခြေစိုက်စခန်းသို့ ရုရှား လေထီးတပ်ဖွဲ့ဝင် ၁၅၀ စေလွှတ်ထားကြောင်း ရုရှားစစ်ဦးစီးချုပ် နီကိုလေမာကာရော့ဗ်က ပြောကြားသည်။

ကာဂျစ္စတန်ရှိ ရုရှားစစ်ဘက်ဝန်ထမ်းများ၏မိသားစုများ လုံခြုံမှုအတွက် စိတ်ချလက်ချဖြစ်စေရန် ယင်းသို့လုပ်ဆောင်ရခြင်းဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆုံးဖြတ်

ရုရှားသမ္မတက လေထီးတပ်ခွဲ နှစ်ခွဲ ကာဂျစ္စတန်သို့စေလွှတ်ရန် ဆုံးဖြတ်ထားကြောင်း၊ လေထီးတပ်ဖွဲ့ဝင် ၁၅၀ ခန့် ကန်အခြေစိုက်စခန်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း မာကာရော့ဗ်ကပြောကြားသည်။

ရာထူးမှဖယ်ရှား

ကာဂျစ္စတန်သမ္မတ ကာမန်ဘက်ဘာကီယက် ဧပြီ ၇ရက်က ရာထူးမှဖယ်ရှားခံရပြီး ယခုအခါ နိုင်ငံခြားရေးဝန်ကြီးဟောင်း ရိုဇာဦးဆောင်သည့် ကြားဖြတ်အစိုးရက အုပ်ချုပ်လျက်ရှိသည်။ (အင်တာနက်)

ဧဝရက်တောင်၏အမြင့်တိုင်းတာမှု တရုတ်နှင့်နီပေါ သဘောတူညီမှုရရှိ

ခတ္တမန္ဒူ ဧပြီ ၁၀

တရုတ်နိုင်ငံနှင့် နီပေါနိုင်ငံတို့သည် ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ် ဧဝရက်တောင်၏ အမြင့်နှင့်ပတ်သက်ပြီး ကာလအတန်ကြာ အငြင်းပွားနေမှုမှာ ဧပြီ ၈ ရက်က သဘောတူညီလိုက်ပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုင်းတာ

အဆိုပါနှစ်နိုင်ငံတို့သည် ဧဝရက်တောင် **(အောက်ပုံ)***၏ အမြင့်ကို ၈၈၄၈ မီတာရှိကြောင်း သဘောတူထားခြင်းဖြစ်သည်။ တရုတ် နိုင်ငံ၏ ယခင်တိုင်းတာမှုမှာ ၈၈၄၄ မီတာရှိသည်။ အကြောင်းမှာ တောင်ထိပ်မှ ဆီးနှင်းထု၏ အမြင့်ကို တိုင်းတာခဲ့ခြင်းမရှိ၍ လေးမီတာလျှော့ခဲ့သည်။ နီပေါနိုင်ငံက တောင်ထိပ်ရှိ ဆီးနှင်းထု၏ အမြင့်ကိုပါတိုင်းတာခဲ့ခြင်း ဖြစ်သည်။* ***(အင်တာနက်)***

ဟောင်ကောင်စိန်လက်ဝတ်ရတနာ လေလံတင်ရောင်းချရေးရုံး၌ ဧပြီ ၉ရက်က ၅ဒသမ၁၆ကရက်ရှိ ကမ္ဘာ့အရှားပါးဆုံး အပြာရောင်စိန်တစ်ပွင့်ကို အမေရိကန်ဒေါ်လာ ၆ဒသမ ၄သန်းဖြင့် ရောင်းချအပြီး အရောင်းဝန်ထမ်းတစ်ဦးက ပြသနေစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပိုလန်သမ္မတနှင့်ဇနီးတို့ လေယာဉ်ပျက်ကျ၍သေဆုံး

မော်စကို ဧပြီ ၁၀

ပိုလန်သမ္မတ လက်ချ်ကာဇင်စကီနှင့် ဇနီးဖြစ်သူ မာရီရာတို့ လိုက်ပါစီးနင်းလာသော လေယာဉ်သည် ပိုလန်နိုင်ငံ ဝါဆောမြို့မှ ရုရှားနိုင်ငံသို့ ဧပြီ ၁၀ ရက်က ပျံသန်းလာစဉ် မော်စကို စံတော်ချိန် နံနက် ၁၀နာရီ ၅၆ မိနစ်၌ ပျက်ကျခဲ့သဖြင့် သေဆုံးသွားကြောင်း မော်စကို အရာရှိများက ပြောကြားသည်။

ယင်းလေယာဉ်သည် ရုရှားနိုင်ငံ အနောက်တောင်ပိုင်း အရောက်တွင် မြူတိမ်များ ဆိုးရွားစွာ ဖြစ်ထွန်းနေသဖြင့် သစ်ပင်များနှင့်တိုက်မိပြီး ပျက်ကျခဲ့ကြောင်း၊ ပျက်ကျခဲ့သည့်နေရာမှာ ရုရှားနိုင်ငံအနောက်တောင်ပိုင်း စမိုလင့်ခ်မြို့ လေဆိပ်အနီးတွင် ဖြစ်ကြောင်း မော်စကိုအရာရှိများက ပြောကြားသည်။

သေဆုံး

လေယာဉ်ပေါ်တွင် ပိုလန်သမ္မတနှင့်ဇနီးအပါအဝင် ပိုလန်ဒုတိယနိုင်ငံခြားရေး ဝန်ကြီး၊ ပိုလန်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အခြားထိပ်တန်းအရာရှိများ လိုက်ပါလာခဲ့သည်။ လေယာဉ်ပေါ်တွင် စုစုပေါင်း ၈၅ဦး လိုက်ပါလာရာ လေယာဉ်ပျက်ကျမှုကြောင့် အားလုံးသေဆုံးကြောင်း သိရသည်။

ထမ်းဆောင်

အသက် ၆၀အရွယ်ရှိ ပိုလန်သမ္မတ လက်ချ်ကာဇင်စကီသည် ၂၀၀၅ ခုနှစ်မှ စတင်ကာ သမ္မတ တာဝန်ကိုထမ်းဆောင်ခဲ့သူဖြစ်သည်။ (အင်တာနက်)

အီရန်အပေါ် ပိတ်ဆို့အရေးယူရန် အမေရိကန်ကြိုးပမ်းနေဟုဆို

နယူးယောက် ဧပြီ ၁၀

အမေရိကန်က အီရန်အပေါ် တင်းကျပ်သည့် အရေးယူမှုများကို နွေဦးရာသီတွင် ချမှတ်ရန် ကြိုးပမ်းနေကြောင်း အမေရိကန်သမ္မတဘားရက်အိုဘားမားက ဧပြီ ၉ရက်၌ ပြောကြားသည်။

ကြိုးပမ်း

အီရန်က နျူကလီးယားအစီအစဉ်ရပ်ဆိုင်းရန် ငြင်းဆန်မှုအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူမှုထပ်မံချမှတ်ရန်ကိစ္စကို အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဆွေးနွေး

လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံဖြစ်သည့် ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ရုရှားနှင့် အမေရိကန်အပြင် ဂျာမနီတို့က အီရန်နျူကလီးယားပြဿနာကို နယူးယောက်၌ ဧပြီ ၈ရက်က ဆွေးနွေးကြသည်။

တွန်းအားပေး

လုံခြုံရေးကောင်စီအစည်းအဝေးတွင် အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများ ထပ်မံချမှတ်ရန် မဲပေးရေးအတွက် အမေရိကန်က အခြားအင်အားကြီးနိုင်ငံများအား အရှိန်မြှင့်၍ တွန်းအားပေးလျက်ရှိသည်။

တရုတ်နှင့်ရုရှားတို့ကမူ အီရန်နျူကလီးယားပြဿနာကို သံတမန်နည်းဖြင့်ဖြေရှင်းရန် ထပ်တလဲလဲ တိုက်တွန်းလျက်ရှိသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် ➤ စုစည်းသည်

တရုတ်နိုင်ငံ၏ အမြတ်ငွေ ဒေါ်လာခုနစ်ဘီလီယံကျော်

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် မတ်လ၌ ကုန်သွယ်ရေးအမြတ်ငွေ အမေရိကန်ဒေါ်လာ ၇ဒသမ၂၄ဘီလီယံရရှိခဲ့ကြောင်း၊ ယင်းအမြတ်ငွေမှာ ပြီးခဲ့သည့် ခြောက်နှစ်အတွင်း အမြတ်ငွေအများဆုံးဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေးအရာရှိများက ဧပြီ ၁၀ရက်၌ ပြောကြားသည်။

မက္ကဆီကိုမြောက်ပိုင်း၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား

မက္ကဆီကိုမြောက်ပိုင်း မေကိုဘာမြို့တွင် ဧပြီ ၁၀ရက် နံနက်က သေနတ်သမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးသွားကြောင်း၊ သေနတ်သမားများသည် မော်တော်ယာဉ်များဖြင့်ရောက်ရှိလာပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။

အရံဂြိုဟ်လေ့လာရေးခရီးစဉ် နာဆာ ရပ်ဆိုင်းထား

နာဆာအဖွဲ့အနေဖြင့် အရံဂြိုဟ်လေ့လာရေး ခရီးစဉ်များကို အချိန်အတိုင်းအတာတစ်ခုအထိ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း၊ ငွေကြေးကုန်ကျမှုများခြင်းနှင့် ပြင်ဆင်မှုများ ပြုလုပ်ရခြင်းတို့ ကြာမြင့်ခြင်းကြောင့်ဖြစ်ကြောင်း ဧပြီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

ရာသီဥတုပြောင်းလဲမှု လေ့လာရေးဂြိုဟ်တု လွှတ်တင်

ဥရောပအာကာသအေဂျင်စီသည် ကမ္ဘာ့ရာသီဥတု ပူနွေးလာမှု၏ အကျိုးဆက်ကို လေ့လာရန် အဆင့်မြင့်နည်းပညာသုံး ဂြိုဟ်တုတစ်လုံးကို ဘိုင်ကိုနော်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ဧပြီ ၁၀ရက်၌ လွှတ်တင်ခဲ့ကြောင်း၊ ယင်းဂြိုဟ်တုကို ခရိုဆက်-၂ဟု အမည်ပေးထားပြီး အလေးချိန်မှာ ၁၅၄၃ပေါင်ရှိကြောင်း ဥရောပအာကာသအေဂျင်စီမှ အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်မြို့တော် ဒါကာ၌ ရေအခက်အခဲ ကြုံတွေ့

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် မြို့နေပြည်သူ ၁၅သန်းကျော်သည် သောက်သုံးရေ အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မြို့တော်အတွင်း သောက်သုံးရေ ရေပန့် ၅၄ဖြခုအား တာဝန်ရှိသူများက ဖြန့်ဝေပေးလျက်ရှိကြောင်း ဒေသအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားအရှေ့ပိုင်း၌ ဘတ်စ်ကား မြစ်ထဲထိုးကျ

ဗင်နီဇွဲလားနိုင်ငံအရှေ့ပိုင်း ကူမာနာမြို့ အဝေးပြေးလမ်းမပေါ်၌ အရှိန်ဖြင့်မောင်းနှင်လာသည့် ခရီးသည်တင်ဘတ်စ်ကားတစ်စီး ဧပြီ၁၀ရက်တွင် မြစ်ကူးတံတားအစပ်၌ထိုးကျရာ ၁၄ဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရရှိကြောင်း၊ ခရီးသည်တစ်ဦးမှာ မာရီဂွါတာမြစ်အတွင်းကျသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒစ္စကာဗာရီမှ အာကာသယာဉ်မှူးများ လမ်းလျှောက်

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဒစ္စကာဗာရီ အာကာသယာဉ်ဖြင့် ရောက်ရှိနေသော အာကာသယာဉ်မှူး သုံးဦးတို့ ပထမဆုံးအကြိမ် လမ်းလျှောက်ကြကြောင်း၊ နိုင်ငံတကာ အာကာသယာဉ်စခန်း၌ လိုအပ်သည့် ပြင်ဆင်မှုများလည်း ပြုလုပ်ကြကြောင်း နာဆာက ဧပြီ ၁၀ရက်၌ သတင်းထုတ်ပြန်သည်။ (အောက်ပုံ)



ဘရာဇီး၌ A(H1N1)ကာကွယ်ဆေးများ ထိုးပေး

ဘရာဇီးနိုင်ငံတစ်ဝန်းရှိ ပြည်သူတစ်သန်းအား A(H1N1)တုပ်ကွေးရောဂါကာကွယ်ဆေးများ ထိုးပေးမည်ဖြစ်ကြောင်း၊ ယခုရက်သတ္တပတ်အတွင်း ကာကွယ်ဆေး ၃၆၀၀၀ကို စတင်ထိုးနှံလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ၁၀ရက်၌ သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယား၌ အင်ဂျင်နီယာလေးဦး ပြန်ပေးဆွဲခံရ

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း နိုင်ဂါရေလက်ကြားရှိ ရေနံထုတ်လုပ်ရာ ဒေသ၌ အင်ဂျင်နီယာဝန်ထမ်းလေးဦးအား သေနတ်သမားများက ပြန်ပေးဆွဲသွားကြောင်း၊ ယင်းပြန်ပေးဆွဲခံရသူများမှာ လက်ဘနွန်မှတစ်ဦးနှင့် ဆီးရီးယားမှ ကျွမ်းကျင်ပညာရှင်သုံးဦးပါဝင်ကြောင်း ဧပြီ၁၀ရက်တွင် ရဲတပ်ဖွဲ့ကပြောကြားသည်။

(အင်တာနက်)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်
မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ၌ဖွင့်

မင်းလှ ဧပြီ ၁၀

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ အလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၁၈ရက် နံနက် ၈နာရီက အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်နှင့် တိုင်းဦးစီးမှူး ဦးတင်အောင်ညွန့်တို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးထွန်းမြင့်က စာကြည့်တိုက်ဖြစ်ပေါ်လာပုံကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် စာအုပ်စာစောင်နှင့် မီဒီယာပစ္စည်းလှူဒါန်းပွဲ ကျင်းပရာ ဦးအောင်တင်ဝင်းမိသားစုက (၁၇)လက်မရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာအုပ်စာစောင်များနှင့် ကျေးရွာပြည်သူများက စာအုပ်စာစောင်များ ၃၄၅အုပ်ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဦးစန်းမြင့်အောင်၊ တိုင်းဦးစီးမှူးဦးတင်အောင်ညွှန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရီ**(အပေါ်ပုံ)**တို့က စာကြည့်တိုက်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို နိုင်ငံတော်နှင့် ပြည်သူစုပေါင်း ထည့်ဝင်လှူဒါန်းငွေကျပ် ၂၇သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များလှူဒါန်း

တံတားဦး ဧပြီ ၁၀

တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ စာအုပ်၊စာစောင်များကို အလှူရှင်များက လှူဒါန်းလျက်ရှိရာ မတ် ၈ရက် ည ၇နာရီက အလှူရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် ၁ပပ-၁၇/၅၉နေ ဦးနေဝင်း-ဒေါ်နိုင်နိုင်ဦး(ကိုနေဝင်း-ကရိန်းဝန်ဆောင်မှု)မိသားစုက တံတားဦးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသို့ မဂ္ဂဇင်းစာအုပ်မျိုးစုံအုပ် ၅၀၀နှင့် ဂျာနယ်မျိုးစုံ အုပ်၁၀၀၀တို့ကို အလှူရှင်မိသားစုက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်**(အပေါ်ပုံ)**က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အဆိုပါ လှူဒါန်းသောစာအုပ်၊ စာစောင်များကို ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စမ်းချောင်းမြို့နယ် အထက(၃)
နွေရာသီ စစ်တုရင် အားကစားသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၀

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် အားကစားဆပ်ကော်မတီ အထက(၃)စမ်းချောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ရက် နံနက် ၉နာရီက အဆိုပါ ကျောင်း၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အမှုဆောင် ဦးမျိုးမင်းအောင်နှင့် ဦးဝင်းအောင်၊ အထက(၃)စမ်းချောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဌေး၊ သင်တန်းဆရာ ဆရာမများနှင့် သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများအားပေးအပ်သည်။

ဖွင့်လှစ်

ယင်းနောက် United Sanchaung Chess Club ၏ ပံ့ပိုးမှုဖြင့်ကျင်းပသည့် အသက် ၁၆နှစ်အောက် အပြည်ပြည်ဆိုင်ရာစစ်တုရင်နှင့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဌေးက ပထမရွှေ့ကွက်ကို ရွှေ့ပေးပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ကျင်းပရာ မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ၌ ပူးတွဲ ပထမ ပြည့်ဖြိုးဟိန်းနှင့် အေးချမ်းပိုင်၊ ဒုတိယဇွဲရန်နိုင်၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲတွင် ပူးတွဲပထမ ခင်စန္ဒာထူးနှင့် လင်းလက်ထင်လင်း၊ ပူးတွဲဒုတိယ ကြယ်စင်ထင်လင်းနှင့် ရတီဝင့်ဝါ၊ အမျိုးသားပြိုင်ပွဲတွင် ပထမ ခန့်ကြည်သာ၊ ပူးတွဲဒုတိယ ခန့်ဇော်လူနှင့် သက်ဝေယံထွန်း၊ ပူးတွဲတတိယ အောင်ကျော်ဇောနှင့် ရဲသူအောင်တို့ရရှိပြီး ဆုများကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် အားကစားဆပ်ကော်မတီ အထက(၃) စမ်းချောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းဆင်းပွဲတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ စစ်တုရင် အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

၁၉၉၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၇ရက် (ကဆုန်လပြည့်နေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရဲထွဋ်တင် ဖုန်း-၀၉-၅၁၅၆၄၀၈၊ အေးအေးထွဋ် ဖုန်း-၀၉-၅၁၁၅၅၀၈၊ လဲ့လဲ့ဝင်းသန်း၊ ခင်လတ်လတ်ထွန်း ဖုန်း-၅၂၄၄၈၂၊ ၅၀၀၅၃၃၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၅၂၆၆၂၃၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၈၁၇၊ အိမွန့်ဖြူ ဖုန်း-၇၃၀၂၅၄၇၄၊ ခိုင်သူဆွေ ဖုန်း-၅၅၅၇၅၄ နှင့် ခိုင်မျိုးဝင်း ဖုန်း-၅၃၇၅၂၀တို့သို့ ဧပြီ၂၅ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မော်လမြိုင်အသင်း(ရန်ကုန်)၏ ၂၀၀၉-၂၀၁၀ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် ဘွဲ့ထူးဂုဏ်ထူးရပုဂ္ဂိုလ်များ ချီးကျူးဂုဏ်ပြုပွဲကို ဧပြီ ၄ရက်က ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပရာ နာယက ဦးဝင်းသင်က တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး န၀မအဆင့်ရ ဘာသာစုံဂုဏ်ထူးရှင် မပြည့်ဖြိုးအောင်အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

မန်ယူ၊ ဖာဂူဆန်နှင့် ပရီမီယာလိဂ်လက်ကျန်ငါးပွဲ

မောင်မောင်မြင့်ဆွေ စုစည်းရေးသား၍ ဇင်မင်းသန့်(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ကို ဧပြီ ၁၁ရက်(ယနေ့)၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရေးအတွက် လက်ကျန်ပွဲစဉ် ငါးပွဲသာကျန်တော့သည်။ သုံးနှစ်ဆက်တိုက် ပရီမီယာလိဂ်ဖလားပိုင်ရှင် မန်ယူတို့ ချန်ပီယံလိဂ်ဖလားရယူရေး အိပ်မက်ပျက်ပြယ်ခဲ့ရပြီးနောက် ပရီမီယာလိဂ်ဖလား ကာကွယ်ရေးအတွက် အာရုံစိုက်နေရပြီဖြစ်သည်။

မန်ယူသည် ပရီမီယာလိဂ်ပွဲစဉ်(၃၃)ပွဲ ယှဉ်ပြိုင်ပြီးချိန်တွင် ထိပ်ဆုံးမှ ချယ်လ်ဆီးနှင့် ပွဲတူနှစ်မှတ်သာ ကွာခြားပြီး ဒုတိယနေရာ၌ ရပ်တည်နေသည်။ ပရီမီယာလိဂ်ပွဲစဉ်(၃၈)ပွဲ ကစားရမည့်အနက် (၃၃)ပွဲကစားပြီးဖြစ်ရာ လက်ကျန်ငါးပွဲသာ ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ မန်ယူသည် အဝေးကွင်း၌ ဘလက်ဘန်း၊ မန်စီးတီးနှင့် ဆန်းဒါးလန်း အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အိမ်ကွင်း၌ စပါးနှင့်စတုတ်အသင်းတို့ကို လက်ခံကစားရမည်ဖြစ်သည်။ စတုတ်နှင့် အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ရမည့်ပွဲမှာ မန်ယူအတွက် ယခုနှစ် ပရီမီယာလိဂ်၏ နောက်ဆုံးပွဲစဉ်လည်း ဖြစ်သည်။

ထို့ကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရပြီး ပရီမီယာလိဂ်ဖလား ကာကွယ်နိုင်ရေး အာရုံစိုက်နေရသည့် မန်ယူနည်းပြကြီး ဖာဂူဆန်နှင့် သတင်းထောက်များတွေ့ဆုံမေးမြန်းမှုကို ဖော်ပြရပါလျှင် -

မေး ။ ။ ချန်ပီယံလိဂ်ပွဲရလဒ်အပေါ် ဘယ်လိုမြင်ပါသလဲ . . . .။

ဖြေ ။ ။ ဘောလုံးပွဲတိုင်းမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါပဲ။ မထင်မှတ်တာတွေ ဖြစ်ခဲ့တာပါ။ ဘောလုံးပွဲတစ်ပွဲရဲ့ရလဒ်ကို ပုံသေတွက်ဆထားလို့ မရနိုင်ပါဘူး။

မေး ။ ။ လက်ရှိ ကစားသမားအင်အားနဲ့ ပရီမီယာလိဂ်ဖလားကာကွယ်ဖို့ လွယ်ပါ့မလား။

ဖြေ ။ ။ ကြိုးစားရမှာပေါ့၊ ရွန်နေလည်း ဒဏ်ရာသက်သာရင်ပြန်ကစားနိုင်မှာပါ။မန်ယူကစားသမားတွေအနေနဲ့ အခုအချိန်မှာ အာရုံစူးစိုက်မှုပိုကောင်းသွားပြီဆိုတော့ ရည်မှန်းချက်ပြည့်ဝအောင် အစွမ်းကုန်ကြိုးစားကြမှာပါ။

မေး ။ ။ မန်ယူအတွက် ပရီမီယာလိဂ်ဖလား ကာကွယ်ရေးဟာ ချယ်လ်ဆီးအပေါ်မှာ မူတည်နေတယ်လို့ ထင်ပါသလား။

ဖြေ ။ ။ ချယ်လ်ဆီးရဲ့ အတိမ်းအစောင်းဖြစ်မှုအပေါ် မူတည်တာထက် မန်ယူရဲ့ ကြိုးစားအားထုတ်မှုကလည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ လက်ကျန်ပွဲ ငါးပွဲစလုံးအနိုင်ယူဖို့ကို အဓိကပြင်ဆင်ကြိုးစားနေပါတယ်။

မေး ။ ။ မန်ယူကို ဒီထက်အစွမ်းထက်အောင် ဘယ်နေရာ ပြုပြင်ရမယ်လို့ ထင်မြင်ပါသလဲ။

ဖြေ ။ ။ တိုက်စစ်နဲ့ ကွင်းလယ် ကစားအားလို့ ယေဘုယျပြောလို့ရပါတယ်။ အားနည်းချက်တော့ မဟုတ်ပါဘူး။ မန်ယူအသင်း လက်ရှိထက် စွမ်းရည်ထက်မြက်ဖို့အတွက် အရန်ကစားသမားကောင်းတွေ ဖြည့်ဆည်းရဦးမှာပါ။

မေး ။ ။ ဒီနှစ် ပရီမီယာလိဂ်ဖလားဟာ ချယ်လ်ဆီးအတွက်ပဲဖြစ်မယ်လို့ ဝေဖန်ပြောကြားမှုတွေအပေါ် ဘယ်လိုတုံ့ပြန်လိုပါသလဲ။

ဖြေ ။ ။ ဒါကတော့ ကိုယ့်နှစ်သက်ရာ ပြောနိုင်ကြတာပဲ။ ဒီအချိန်မှာ ဘယ်အသင်းဖြစ်ဖြစ် ကိုယ့်ရည်မှန်းချက်အောင်မြင်အောင် ကြိုးစားနေကြတာပါ။

မေး ။ ။ မန်ယူရဲ့ ပရီမီယာလိဂ် လက်ကျန်ပွဲ ငါးပွဲစလုံး အနိုင်ရမယ်လို့ ယုံကြည်ထားပါသလား။

ဖြေ ။ ။ ပွဲတိုင်းအနိုင်ကစားမယ်ဆိုတဲ့ စိတ်ဓာတ်က မန်ယူကစားသမားတွေရဲ့ စိတ်ထဲမှာ အပြည့်အဝကိန်းအောင်းနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း လက်ကျန်ပွဲတိုင်းကို သေသေချာချာ ပြင်ဆင်တွက်ချက်ပြီး ပွဲထွက်ကစားသမားတွေကို သေသေချာချာ စိစစ်ခင်းကျင်းသွားမှာပါ။

မေး ။ ။ ဒီနှစ်မှာ ချန်ပီယံလိဂ်က ထွက်ခဲ့ရပြီး ပရီမီယာလိဂ်ဖလားပါ လက်လွှတ်ဆုံးရှုံးခဲ့ရင် နည်းပြကြီးရဲ့ ရပ်တည်မှုပြောင်းလဲသွားဖို့ ရှိနေမလား။

ဖြေ ။ ။ မန်ယူဟာ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေပါပြီ။ ခွဲခြားလို့ မရနိုင်ပါဘူး။ မန်ယူမှာ ပျော်နေပါတယ်ဟု မန်ယူနည်းပြကြီးဖာဂူဆန်က ပြောကြားသွားခဲ့ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ဘလက်ဘန်းနှင့်ကစားမည့်ပွဲ ရွန်နေ ပါဝင်နိုင်ဖွယ်မရှိ

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၃၄)အဖြစ် မန်ယူနှင့်ဘလက်ဘန်းတို့သည် ဧပြီ ၁၁ရက်(ယနေ့) ညပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ မန်ယူ၏ အဓိကအားထားရသော တိုက်စစ်မှူး ရွန်နေသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်း အသင်းက ကြေညာသည်။

တိုက်စစ်မှူး ရွန်နေသည် ဘိုင်ယန်မြူးနစ်နှင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ်

ဒုတိယအကျော့ ကစားခဲ့ရာတွင် ခြေချင်းဝတ် ထိခိုက်ဒဏ်ရာ ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာအသီးသီးရရှိထား

ယင်းပြိုင်ပွဲတွင် ဘလက်ဘန်းအသင်းခေါင်းဆောင် ရိုင်ယန်နယ်လ်ဆင်သည် ဖေဖော်ဝါရီလက ဒဏ်ရာရခဲ့ပြီးနောက် ဒဏ်ရာသက်သာလာသဖြင့် ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိသည်။ မန်ယူတွင် ရွန်နေ အပါအဝင် အန်ဒါဆင်၊ ဘရောင်းနှင့် အိုဝင်တို့လည်း ဒဏ်ရာများ အသီးသီးရရှိထားကြသည်။ (အင်တာနက်)

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ လက်မှတ်များ အာဖရိကပြည်သူများ ပိုမိုဝယ်ယူအားပေးသင့်

ဖီဖာ ဧပြီ ၁၀

လာမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် မရောင်းချရသေးသောလက်မှတ်စောင်ရေ ၅၀၀၀၀၀ ရှိရာ ဒေသနေ အာဖရိကပြည်သူများအနေဖြင့် ဝယ်ယူကြည့်ရှုအားပေးကြရန် ဖီဖာကတိုက်တွန်းနှိုးဆော်လိုက်သည်။

တိုက်တွန်း

အဆိုပါ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကြည့်ရှုခွင့်လက်မှတ်များကို ပွဲအစမှ ပွဲအဆုံးအထိ ဝယ်ယူနိုင်ကြောင်း၊ တောင်အာဖရိက ပြည်သူများအနေဖြင့် ပိုမိုကြည့်ရှုသင့်ကြောင်း ဖီဖာအတွင်းရေးမှူးချုပ် ဂျာရိုမီက တိုက်တွန်းထားသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပရန် နှစ်လသာလိုတော့သည်။ လက်မှတ်များကို ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပမည့် မြို့ကြီးကိုးမြို့၌ ရောင်းချပေးလျက်ရှိသည်။ **(အင်တာနက်)**

လီဗာပူး ဂိုးသမားရေးနာ အသင်းနှင့် ခြောက်နှစ်ထပ်မံစာချုပ်

လန်ဒန် ဧပြီ ၁၀

လီဗာပူးဂိုးသမား ပီပီရေးနာသည် လီဗာပူးအသင်းနှင့် ခြောက်နှစ်သက်တမ်းရှိ စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်၍ ၂၀၁၆ ခုနှစ်အထိ အန်ဖီးလ်၌ ကစားဦးမည်ဖြစ်သည်။

အသက် ၂၇နှစ်ရှိ ဂိုးသမားရေးနာသည် ၂၀၀၅ ခုနှစ်က စပိန်အသင်း ဗီလာရီရဲမှ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး လီဗာပူးအတွက် ပွဲပေါင်း၂၅၀ကျော် ပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။

ပို့ဆောင်ပေးခဲ့

ရေးနာသည် ၂၀၀၅ ခုနှစ်က ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အေစီမီလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူခဲ့ရာတွင် အေစီမီလန်၏ အပိုင်ဂိုးများကို လီဗာပူးအသင်းအတွက် ကာကွယ်ပေးနိုင်ခဲ့သည်။ ၎င်းအပြင် ထိုနှစ်က လီဗာပူးအသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ ရောက်အောင် အဓိက

စွမ်းဆောင်ကစားပေးနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်ကလည်း လီဗာပူးအသင်းကို ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

အာဆင်နယ်တိုက်စစ်မှူးဗန်ပါစီ ပြန်ကစားနိုင်တော့မည်

လန်ဒန် ဧပြီ ၁၀

အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီသည် ဒဏ်ရာကြောင့် လေးလကြာအနားယူခဲ့ပြီးနောက် ပြန်လည်ကစားရန် လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကြောင်း ယင်းအသင်းက ကြေညာသည်။ အသက် ၂၆နှစ်ရှိ ဗန်ပါစီသည် နိုဝင်ဘာလအတွင်းက နယ်သာလန်နိုင်ငံကိုယ်စားပြု ချစ်ကြည်ရေးပွဲကစားရာတွင် ခြေချင်းဝတ် ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်သည်။

အဓိကအားထား

နယ်သာလန်တိုက်စစ်မှူး ဗန်ပါစီသည် အီတလီနှင့်ကစားခဲ့သည့် ချစ်ကြည်ရေးပွဲတွင် ဒဏ်ရာရခဲ့သော်လည်း ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲ၌ ၁၁ပွဲကစားရာတွင် ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဗန်ပါစီသည် မကြာမီ ပြန်လည်ကစားနိုင်တော့မည်ဖြစ်၍ လာမည့် ပရီမီယာလိဂ်လက်ကျန်ပွဲများတွင် နည်းပြအာစင်ဝင်းဂါးအတွက် အဓိကအားထားရမည့် တိုက်စစ်မှူး ဖြစ်လာမည်ဖြစ်သည်။ (အင်တာနက်)

မြင့်မောင်စိုး-စုစည်းသည်

အားကစားသတင်း အတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

အင်တာမီလန်သို့ ပြောင်းရွှေ့ရန် အဂ္ဂီရို စိတ်ဝင်စား

မန်ယူနှင့် ချယ်လ်ဆီးတို့က ခေါ်ယူရန် ဆက်သွယ်ကြိုးပမ်းနေသည့် အက်သလက်တီကိုမက်ဒရစ်မှ ဆာဂျီယိုအဂ္ဂီရိုသည် စီးရီးအေအသင်း အင်တာမီလန်သို့ ပြောင်းရွှေ့ရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။

ပါတိုအား ရီရဲနှင့်ချယ်လ်ဆီး ခေါ်မရနိုင်ဟု ဂယ်လီယာနီဖွင့်ဟ

ရီရဲမက်ဒရစ်နှင့် ချယ်လ်ဆီးအသင်းများအနေဖြင့် အေစီမီလန်တိုက်စစ်မှူး ပါတိုအား စာချုပ်ခေါ်ယူရန် ကြိုးစား၍ ရလိမ့်မည်မဟုတ်ကြောင်း အေစီမီလန် ဒုတိယဥက္ကဋ္ဌ အက်ဒရီယာနိုဂယ်လီယာနီက ဖွင့်ဟပြောကြားသည်။

အူဒီးနိစ်မှ ဆိုင်မွန်ပီပီအား ဆန်းဒါးလန်း ကမ်းလှမ်း

ဆန်းဒါးလန်းနည်းပြ စတီဘရုစ်သည် အူဒီးနိစ် တောင်ပံကစားသမား ဆိုင်မွန်ပီပီအား ပြောင်းရွှေ့ကြေးပေါင် ၁၅သန်းဖြင့် စာချုပ်ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

ရစ်ဘာရီအားခေါ်မရပါက အက်ရှ်လေယန်းအား ဘာကာခေါ်ယူဖွယ်

ဘာစီလိုနာအသင်းအနေဖြင့် ဂျာမန် ဘွန်ဒက်စ်လီဂါအသင်း ဘိုင်ယန်မြူးနစ်မှ ကွင်းလယ်တိုက်စစ်မှူး ဖရန့်ခ်ရစ်ဘာရီအား စာချုပ်ခေါ်ယူရေး မအောင်မြင်ပါက အက်စ်တွန်ဗီလာတောင်ပံကစားသမား အက်ရှ်လေယန်းကို ခေါ်ယူဖွယ်ရှိသည်။

ဒေးဗစ်ဆီလ်ဗာအား ဝင်းဂါး အကဲခတ်နေ

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် စပိန်လာလီဂါအသင်း ဗလင်စီယာမှ ဒေးဗစ်ဆီလ်ဗာအား လေ့လာအကဲခတ်နေသည်။

ဗီလာအားခေါ်ယူနိုင်ခွင့်အခွင့်အရေး မန်ယူ စွန့်လွှတ်ခဲ့

မန်ယူအနေဖြင့် တိုက်စစ်မှူး ဒေးဗစ်ဗီလာကို စာချုပ်ခေါ်ယူဖြစ်ပါက ၎င်း၏ ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ကို ဗလင်စီယာအသင်းက လျှော့ပေးမည်ဟု ပြောကြားခဲ့သော်လည်း ယင်းအခွင့်အရေးကို မန်ယူစွန့်လွှတ်ခဲ့သည်။

အိုလစ်အား စာချုပ်ခေါ်ယူရန် မန်စီးတီး စီစဉ်

ခရီးအေးရှားနှင့် ဘိုင်ယန်မြူးနစ်ကြယ်ပွင့် အီဗီကာအိုလစ်သည် နည်းပြမန်စီနီ၏ လက်အောက်တွင် ကစားလိုသည်ဟု ပြောကြားခဲ့ပြီးနောက် မန်စီးတီးအသင်းက ၎င်းအား စာချုပ်ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အယ်လ်လိုရစ်၊ ဘန်ဇီမာနှင့်မီလ်နာတို့အား ဖာဂူဆန်ပစ်မှတ်ထား

လိုင်ယွန်ဂိုးသမား ဟူဂိုအယ်လ်လိုရစ်၊ ရီရဲမက်ဒရစ်တိုက်စစ်မှူး ကာရင်မ်ဘန်ဇီမာနှင့် ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာတို့အား စာချုပ်ခေါ်ယူရန် မန်ယူနည်းပြ ဖာဂူဆန် ပစ်မှတ်ထားနေသည်။

ချာမက် အာဆင်နယ်သို့ ပြောင်းရွှေ့ရေး နီးစပ်

ဘော်ဒိုးအသင်းမှ မော်ရိုကို တိုက်စစ်မှူးမာရိုနီချာမက်၏ အာဆင်နယ်သို့ ပြောင်းရွှေ့ရေးမှာ ပြီးစီးသလောက် ရှိနေပြီဖြစ်ကြောင်း၊ အာဆင်နယ်နှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

အေစီမီလန်၌သာ ဆက်ကစားလိုဟု ဖလာမီနီဖွင့်ဟ

စီးရီးအေအသင်း အေစီမီလန်မှ အသက် ၂၅နှစ်ရှိ ပြင်သစ်ကွင်းလယ်ကစားသမား မက်သရူးဖလာမီနီက ၎င်းအား လိုင်ယွန်နှင့် မန်စီးတီးတို့က ခေါ်ယူရန် ဆက်သွယ်နေသည်ဟူသော ထင်ကြေးသတင်းများမှာ မဟုတ်ကြောင်းနှင့် ၎င်းအနေဖြင့် အေစီမီလန်အသင်းတွင်သာ ဆက်ကစားလိုကြောင်း ဖွင့်ဟပြောကြားသည်။

အန်ဒါလူစီယာအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ကလစ်ချ်စတာ ရှုံးပွဲကျ

စပိန်နိုင်ငံ မာဘယ်လာမြို့တွင် ဧပြီ ၅ရက်က စတင်ပြီး ဆိုနီအဲရစ်ဆင်တိုးပြိုင်ပွဲအဖြစ်ကျင်းပသော အန်ဒါလူစီယာ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပတ်လည်ပွဲစဉ်တွင် အမေရိကန်အိုးပင်းချန်ပီယံ ကမ်ကလစ်ချ်စတာသည် ၅-၇၊ ၆-၄၊ ၄-၆ ဖြင့် ကမ္ဘာ့အဆင့် ၂၅၈ ရှိ တင်းနစ်မယ် ဂါစီယာဗီဒါဂါနီအား ရှုံးနိမ့်ခဲ့သည်။

ဆီရီနာ ဖမ်မလီဆာကယ်လ်ကပ်တင်းနစ်ပြိုင်ပွဲမှ ထွက်ခဲ့ရ

ကမ္ဘာ့အဆင့်တစ် အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် ဒူးဒဏ်ရာကြောင့် ချာလက်စတန်တွင် ကျင်းပသည့် ဖမ်မလီဆာကယ်လ်ကပ် တင်းနစ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဥရောပဟဲဗီးဝိတ်သရဖူ ဟာရစ်ဆန်ရယူ

လက်ဝှေ့ကျော် အော့ဒ်လေဟာရစ်ဆန်သည် ပြိုင်ဘက် မိုက်ကယ်စပရော့ထ်အား နောက်ဆုံးအချီတွင် အနိုင်ထိုးသတ်ကာ လစ်လပ်နေသော ဥရောပ ဟဲဗီးဝိတ်သရဖူကို ရယူနိုင်ခဲ့သည်။ ။

● *ကျောဖုံးမှ*

နံနက်ပိုင်းတွင် ကျေးရွာ စည်ပင်သာယာဈေးလေးကလည်း ရောင်းသူဝယ်သူများနှင့် စည်ကားစွာတွေ့ရသည်။ ဘုရားစေတီ၊ ကျောင်းကန်များနှင့် သာသနာ့ဘာသာဘက်တွင်လည်း ရောင်ဝါတဝင်းဝင်းနှင့် ကြည်နူးဖွယ်ရာပင်....။

ယခင်ကကဲ့သို့ အဆက်အသွယ်ကလည်း မဝေးတော့ပြီ။ အနီးအဝေး တယ်လီဖုန်းတွေ ရှိနေလေပြီ။ နေ့စဉ် ကင်းပိုင်ကျုံ-ပဲခူး လိုင်းကားရှိသည်။ ဆိုင်ကယ်တွေက တဝီဝီနှင့် အချိန်အခါမရွေး သွားလာနိုင်ကြပြီဖြစ်သည်။ ရွာအိမ်ခြေ တစ်ထောင်နီးပါးခန့်ရှိပြီဖြစ်၍ စံပြရွာကြီးဖြစ်လာစေရန် ရွာသူရွာသားတို့ ကြိုးစားနေကြသည်။

ပိုင်ကျုံရေထိန်းတံခါး

ရွာသို့ရောက်ခိုက် မြစ်၏တစ်ဖက်ကမ်း ပဲခူးတိုင်းအရှေ့ခြမ်း ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးသို့ သွားရောက်လေ့လာခဲ့သည်။ ပဲခူးမြစ်သည် ရွာထိပ်မှနေ၍ တောင်နှင့်မြောက် စီးဆင်းနေသည်။ နွေရာသီတွင် ဒီရေအတက်အကျရှိသည်။ ရွာဘက်ကမ်းမှနေ၍ အရှေ့တစ်ဖက်ကမ်းသို့ စက်တပ်ကူးတို့သမ္ဗန်လေးဖြင့် ကူးလျှင် ပိုင်ကျုံရေထိန်းတံခါးသို့ ရောက်သည်။ ကင်းပိုင်ကျုံရွာက အနောက်ဘက်ကမ်းဖြစ်၍ ပိုင်ကျုံရေထိန်းတံခါးက အရှေ့ဘက်ကမ်း ကဝမြို့နယ်အတွင်းမှာဖြစ်သည်။ ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်ကို ပဲခူးမြစ်က ခြားထားသည့် သဘောပင်။

မြစ်ဆိပ်ကမ်းမှ ဖာလုံဝက်လောက် လျှောက်လိုက်သည့်အခါ ရေထိန်းတံခါးသို့ ရောက်သည်။ ရေထိန်းတံခါးနှင့် မြစ်မသည်လည်း ဖာလုံဝက်ခန့်ပင် ကွာသည်။ ပဲခူးမြစ်မှနေ၍ ပိုင်ကျုံဘက်သို့ ခွဲထွက်သော ချောင်းငယ်တစ်ခုရှိသည်။ ထိုချောင်းငယ်သည် မိုးရာသီကာလများတွင် မိုးများသည့်အခါ ရေများ ဒလဟော ပဲခူးမြစ်အတွင်းသို့ စီးဆင်းနေသည်။

ပဲခူးမြစ် ဟိုဘက်ကမ်းနှင့်ဒီဘက်ကမ်း စက်တပ်ကူးတို့သမ္ဗန်ဖြင့် ခရီးသည်များ ကူးသန်းနေကြသည်မှာ....။

ထိုအခါ တောင်မှမြောက်သို့စီးဆင်းလာသော မြစ်ရေနှင့် အရှေ့မှ အနောက်သို့ စီးဆင်းလာသော ပိုင်ကျုံချောင်းရေတို့ တွေ့ဆုံကြသဖြင့် ထိုမြစ်ဆုံချောင်းဝတွင် ဝဲကတော့များ၊ စုပ်ဝဲ၊ မှုတ်ဝဲများဖြစ်တော့သည်။

ကင်းဝေးခဲ့

ထိုဝဲကတော့ စုပ်ဝဲ၊ မှုတ်ဝဲများသည် ညအခါ ညဥ့်နက်ချိန်ဆိုလျှင် မကောင်းဆိုးဝါးအသံကြီးများလို မြည်ဟည်း၍ နေသည်။ ကင်းပိုင်ကျုံဘက်မှ ခရီးသည်များ ပိုင်ကျုံရွာ၊ ကျားတက်ရွာ၊ သံတံခါးရွာ၊ ဖလေးရွာဘက်မှ ရွာသူရွာသား ခရီးသည်များလည်း တစ်ဖက်ကမ်းနှင့်တစ်ဖက်ကမ်း မကူးရဲကြတော့ပေ။ ဖြတ်ကူးကြသည့် လှေ၊ သမ္ဗန်နှင့် ပွဲချိတ်စက်လှေများလည်း ဝဲကတော့အတွင်း နစ်မြုပ်ကြပြီး လူ့အသက်များပင် ဆုံးရှုံးခဲ့ကြရသည်။ယခုတော့ နိုင်ငံတော်၏စေတနာ ပိုင်ကျုံရေထိန်းတံခါးကြီးကြောင့် ထိုအန္တရာယ်များမှ အားလုံးကင်းဝေးခဲ့လေပြီ။

အကျိုးပြုစေ

နိုင်ငံတော်၏ စီမံချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ဦးရွက်ပြုကာ ၂၀၀၀-၂၀၀၁ခုနှစ်များတွင် ပဲခူးတိုင်း(အရှေ့ခြမ်း) ကဝမြို့နယ် ပိုင်ကျုံချောင်းဝနှင့် ပဲခူးမြစ်ဆုံတွင် ကျပ်သန်းပေါင်း ၃၉၄ဒသမ ၄၄သန်း အကုန်အကျခံ၍ ရေထိန်းတံခါးကြီးကို စတင်တည်ဆောက်ခဲ့သည်။ စီမံကိန်း စတင်သည့်နှစ်မှစ၍ မြေတူး၊ မြေထိုး၊ မြေတင်၊ မြေသယ်စက် ၁၅စီးနှင့် ကြိုးစားတည်ဆောက်ခဲ့ရာ ၂၀၀၂ခုနှစ် ဇန်နဝါရီလတွင် ပြီးစီးအောင်မြင် ဖွင့်လှစ်နိုင်ခဲ့သည်။

အမျိုးအစား

ရေထိန်းတံခါးကြီး၏ အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ရေထိန်းတံခါးရှက်မှာ (၆×၁၂=၃၇) ပေါက်ရှိသည်။ ရေသွယ်မြောင်း အလျားနှင့် ရေခေါ်မြောင်း ပေ၁၇၀၀၀ ရှိ၍ ရေနုတ်မြောင်းမှာ ပေ ၈၅၀ ရှိသည်။ ဤရေထိန်းတံခါးကြီးကို တည်ဆောက်လိုက်ခြင်းဖြင့် ကဝမြို့နယ်အတွင်းရှိ လယ်မြေဧက ၃၀၀၀၀ ကျော်ကို အကျိုးပြုနိုင်သည့်အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတွင် မိုးစပါးဧက ၁၂သန်း၊ နွေစပါးဧက လေးသန်း စိုက်ပျိုးနိုင်၍ နိုင်ငံအတွက် အကျိုးပြုနိုင်ခဲ့ပေပြီ။

အကျိုးပြုနိုင်ပြီ

ထို့အပြင် ပဲခူးတိုင်း ပကိုင်တာ တောင်ပိုင်း မြေလွတ်မြေရိုင်း ရေနက်ကွင်းများ ဖော်ထုတ်နိုင်၍ မိုးရာသီတွင် ရေကြီးရေလွှမ်းမိုးမှုများကိုလည်း ဤပိုင်ကျုံရေထိန်းတံခါးကြီးမှ ရေများကို ထုတ်နိုင်ပြီဖြစ်သည်။ နွေရာသီကာလများတွင် ပဲခူးမြစ်မှ ရွှံ့နုန်းများဝင်လာခြင်းနှင့် ရေငန်များ ဝင်ရောက်စီးဆင်းလာခြင်းကိုလည်း ကာကွယ်နိုင်၍ ရေချိုများကို ထိန်းကာ လယ်မြေစိုက်ခင်းများကို အကျိုးပြုနိုင်ခဲ့ပေပြီ။

ကြည်နူး

သို့ဖြစ်၍ ကျွန်တော်သည် ဇာတိမြေတစ်ခေါက် အလည်ရောက်ရင်း ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါးကြီးကို ကြည့်ပြီး ကြည်နူးဝမ်းသာဖြစ်ခဲ့ရသကဲ့သို့ တစ်ချိန်က ကြမ်းချင်တိုင်း ကြမ်း၍ ရမ်းချင်တိုင်း ရမ်းကာ အန္တရာယ်ပြုခဲ့သော ပဲခူးမြစ်ဆုံ ပိုင်ကျုံချောင်းဝကိုကြည့်ကာ ဩော်-အခုတော့ ပဲခူးမြစ်ရေပြင်သည် နိုင်ငံတော်နှင့်ပြည်သူ့အကျိုးပြုကာ စီးဆင်းနေပုံကို စက်တပ်ကူးတို့သမ္ဗန်လေးပေါ်မှ ငေးမောကြည့်ရှု ကြည်နူးနေမိပါတော့သည်။ ။

ပဲခူးတိုင်း ပကိုင်တာ တောင်ပိုင်း မြေလွတ်မြေရိုင်း ရေနက်ကွင်းများ ဖော်ထုတ်နိုင်၍ မိုးရာသီတွင် ရေကြီး ရေလွှမ်းမိုးမှုများကိုလည်း ဤပိုင်ကျုံရေထိန်းတံခါးကြီးမှ ရေများကို ထုတ်နိုင်ပြီဖြစ်၊ နွေရာသီကာလများတွင် ပဲခူးမြစ်မှ ရွှံ့နုန်းများဝင်လာခြင်းနှင့် ရေငန်များဝင်ရောက် စီးဆင်းလာခြင်းကိုလည်း ကာကွယ်နိုင်၍ ရေချိုများကိုထိန်းကာ လယ်မြေစိုက်ခင်းများကို အကျိုးပြုနိုင်ခဲ့ပေပြီ။

ပဲခူးမြစ်ဝနှင့် ပိုင်ကျုံချောင်းကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဧပြီ ၁၀

အားမာန်ဓမ္မရင်ခွင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင် သဲကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာတွင် အားမာန်ဓမ္မရင်ခွင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၆ရက်ကကျင်းပရာ စာကြည့်တိုက်ကို တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်တလင်း တောင်သိုတိုက်နယ်ဆေးရုံသို့ ငွေလှူဒါန်း

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်သိုတိုက်နယ်ဆေးရုံတွင် မတ် ၁၃ရက်က ကျေးလက်တံတားနှင့် တိုက်နယ်ဆေးရုံအတွက် ငွေလှူဒါန်းပွဲကျင်းပရာ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစံငြိမ်က တင်ပြင်ခွေ ကျေးလက်တံတားပြုပြင်ရန်အတွက် အလှူငွေကျပ် ၁၆သိန်းနှင့် တိုက်နယ်ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၆၀ခန့်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများလှူဒါန်းခဲ့သည်။ *(မြို့နယ် ပြန်/ဆက်)*

ပေါက်တော၌ စာကြည့်တိုက်ရေရှည်တည်တံ့ရေး ဆွေးနွေး

ပေါက်တောမြို့နယ် တောင်းဖူးကျေးရွာ အလင်းသစ်စာကြည့်တိုက်တွင် စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြသန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်စမ်းစမ်းအောင်နှင့်အဖွဲ့သည် ဇန်နဝါရီ ၂၈ရက်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးဆွေးနွေးပြီး စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

အလင်းရောင်စာကြည့်တိုက်တွင် စာအုပ်လှူဒါန်း

အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျော်ကျေးရွာအုပ်စု ပြည်လုံးကျော်ကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် မတ် ၂၂ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲနှင့် စာဖတ်ဝိုင်း ကျင်းပသည်။ *(မြို့နယ် ပြန်/ဆက်)*

ကသာမြို့နယ် ရောင်နီဦးစာကြည့်တိုက်သစ်ဖွင့်

ရောင်နီဦးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က ကသာမြို့ မိုးတားကြီးကျေးရွာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးကျော်ဝင်းကိုနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေနံချောင်း ညောင်ဇောက်ချောင်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာအုပ်စု ညောင်ဇောက်ချောင်းကျေးရွာ ပညာအလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်း၊ မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးညွန့်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ *(မြို့နယ် ပြန်/ဆက်)*

ထန်တလန်စည်ပင်သာယာ ကျေးလက်လမ်းဖွင့်

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဆုံပွမ်း-တလန်ပီး ကျေးလက်လမ်းဖွင့်ပွဲကို မတ်၂၅ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပခုက္ကူမြို့နယ်စည်ပင် ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် (၄)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ရက် နံနက်၇နာရီခွဲက အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦး၌ကျင်းပရာ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်တို့ထံ ပေးအပ်သည်။ *(၀၇၀)*

ဆိပ်ဖြူမြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းဆင်း

မကွေးတိုင်း ဆိပ်ဖြူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၁၃)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်းပွဲကို မတ် ၂၆ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(မြို့နယ်အိမ်တွင်းမှု)**

အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ပညာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ် သင်ကြားမှုစွမ်းရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို မတ်၂၉ရက် နံနက်၉နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုးက အမှာစကားပြောကြားသည်။ ။ *(မြို့နယ် ပြန်/ဆက်)*

ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဝန်ထမ်းမိသားစုများက ဂါရဝပြု တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဧပြီ ၉ရက် မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုသည့် Sheraton Hanoi Hotel ဧည့်ခန်းမ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်ကြည်ကြည်စန်း၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေးနှင့် ဇနီး ဒေါ်သင်းသင်းစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများက ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

တွေ့ဆုံ မှာကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဝန်ထမ်းမိသားစုများအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

ဂါရဝပြု ကန်တော့

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် လမ်းညွှန်မှုများကို စဉ်ဆက်မပြတ်ပြု၍ အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိမှု၊ နိုင်ငံတော် ဖြစ်ပေါ်တိုးတက်မှုများနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက် ရှိရာ ယခုအခါ ပဉ္စမအဆင့်ဖြစ်သည့် ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အကျယ်တဝင့်ရှင်းလင်း ပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် သံတမန်ကျင့်ဝတ် စည်းမျဉ်းစည်းကမ်း ချက်များကို အမြဲလေးစားလိုက်နာပြီး မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နှစ်နိုင်ငံ၏ အကျိုးစီးပွားဖြစ်ထွန်းရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အလေးဂရုပြုဆောင်ရွက်သွားကြရေး မှာကြား သည်။

ရင်းရင်းနှီးနှီးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေးနှင့် ဇနီးတို့အား လက်ဆောင် ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၁၀

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပက်ထရိုနာ(စ်) မြန်မာရေနံကုမ္ပဏီသည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် MD-4, MD-5 နှင့် MD-6 တို့တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Veriras Voyager ဖြင့် ဧပြီ ၂၈ရက်မှ ဇွန် ၁၅ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာ ဧရိယာမှာ မြောက်လတ္တီတွဒ် (၁၀ဒီဂရီ ၃၀မိနစ် ၀၀စက္ကန့်)မှ မြောက်လတ္တီတွဒ် (၁၃ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်) အထိနှင့် အရှေ့လောင်ဂျီတွဒ် (၉၅ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်)မှ အရှေ့လောင်ဂျီတွဒ် (၉၇ ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်)အထိ အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် MD-4, MD-5 နှင့် MD-6 တို့တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Veriras Voyager ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်း ဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုသိမ် အမက(၂၄) ပြုပြင်တည်ဆောက်

ပုသိမ် ဧပြီ ၁၀

ပုသိမ်ခရိုင် ပုသိမ်မြို့ ကုန်သည်လမ်း အမှတ်(၂၄) အခြေခံပညာမူလတန်းကျောင်း ပြုပြင်တည်ဆောက်မှု လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၄၂-၂၂၁၆၂၊ ဦးအောင်ဌေး (ရန်ကုန်) ဖုန်း-၀၉-၅၁-၆၉၃၁၉၊ ဦးသက်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၁-၅၀၁၃၀၀၊ ဦးမိုးထွန်း (ရန်ကုန်) ဖုန်း-၀၉-၅၀-၅၄၄၅၀၊ ဦးမောင်မောင်စိုး (ပုသိမ်) ဖုန်း-၀၉-၅၂-၀၂၆၄၄ နှင့် ဦးမြတ်ကျော်(ပုသိမ်)ဖုန်း-၀၉-၅၂-၀၀၇၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့

နေပြည်တော် ဧပြီ ၁၀

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

သုံးသပ်ဆွေးနွေး

ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ဧပြီ ၆ရက် ညပိုင်းတွင် အာဆီယံ လူမှု-ယဉ်ကျေးမှု ဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ဧပြီ ၇ရက် နံနက်ပိုင်းတွင် အာဆီယံ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးကော်မရှင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် တတိယအကြိမ် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီအစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ Blue Print အကောင်အထည်ဖော်ရေးကို သုံးသပ်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

IMPERIAL LEATHER SOAP အရောင်းကိုယ်စားလှယ်များ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးထွက်ခွာ

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတကာတွင် လူသုံးကုန်ပစ္စည်းများကို အများဆုံးနှင့် အကြီးဆုံး ထုတ်လုပ်သည့် ကုမ္ပဏီ တစ်ခုဖြစ်သော PZ Cussons International Co., Ltd. (England) က ထုတ်လုပ်သည့် အသားအရေကို ဖြူဖွေးနူးညံ့ချောမွေ့ စေသည့် IMPERIAL LEATHER SOAP ရေချိုးဆပ်ပြာ (Body Wash)၊ DEODORANT Body Spray နှင့် ကလေးများအတွက် အန္တရာယ်ကင်းစိတ်ချရသော ကလေးအသုံးအဆောင်နှင့် ဆပ်ပြာ (Baby Product) များ ရောင်းချကြသည့် ရောင်းအားအကောင်းဆုံးဆုရအရောင်းကိုယ်စားလှယ်ကြီး ၅၀ တို့သည် စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သို့ လေ့လာရေးခရီး သွားရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(ဓာတ်ပုံ)** IMPERIAL LEATHER SOAP နှင့် လူသုံးကုန်ပစ္စည်းများကို ဖုန်း-၀၁-၅၅၉၇၄၄ သို့ ဆက်သွယ် မှာယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)
၁၁-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ခါသင်္ကြန်အဆိုအကများ
- ၈:၁၀ ၇။ အတီးပြိုင်ပွဲ
- ၈:၂၅ ၈။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၃၀ ၉။ ခါသင်္ကြန်အဆိုအကများ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ Connect with English (Episode-39) The Pressures' On

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၁၁:၃၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ ခါသင်္ကြန်အဆိုအကများ
- ၁၂:၀၀ ၅။ Golf Magazine (TV)
- ၁၂:၂၀ ၆။ မြန်မာ့ရုပ်ရှင် **သင်္ကြန်မိုး** နေအောင်၊ ဇော်ဝမ်း၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့် (ဒါရိုက်တာ-မောင်တင်ဦး)
- ၂:၄၀ ၇။ ခါသင်္ကြန်အဆိုအကများ
- ၂:၅၀ ၈။ International News

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
- ၄:၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (အင်္ဂလိပ်စာ အထူးပြုများ) (အင်္ဂလိပ်စာ)
- ၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄:၅၀ ၅။ ခါသင်္ကြန်အဆိုအကများ
- ၅:၁၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၁၅ ၈။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၉။ ကာတွန်းအစီအစဉ် BUGS' ADVENTURES (အပိုင်း-၈)
- ၆:၄၀ ၁၀။ တစ်မျက်နှာ တစ်ကွက်စာ **ဖူးစာရေးတဲ့ပွဲ** သူရလင်း၊ သဇင် (ဒါရိုက်တာ-တင်မောင်အေး)
- ၇:၀၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား** (အပိုင်း-၂၇) (ဇာတ်သိမ်းပိုင်း)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၁၅)
- ၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **မီးတောက်ဆူးရဲ** နေထက်လင်း၊ နေအောင်၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-ဒေါ်န)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးစိုးသာ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြည်ထောင်စု မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် ဧပြီ ၉ရက် ဒေသစံတော်ချိန် ညနေ ၃နာရီတွင် ခေတ္တတည်းခိုသည့် Sheraton Hanoi Hotel မှ နိုဘိုင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အထူးယာဉ်တန်းဖြင့် ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cao Duc Phat နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်မောင်စိုး၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်ထွန်းအေးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဒေသ စံတော်ချိန် ညနေ ၃နာရီခွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြပြီး နေပြည်တော်သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

ဧပြီ ၁၀ရက်က ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်ကြီး H.E. Mr. Kim I Sung ၏ မွေးနေ့ညှိ့ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့

နေပြည်တော် ဧပြီ ၁၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပသည့် (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေး

ဝန်ကြီး ဦးစိုးသာသည် ဧပြီ ၇ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vo Hong Phuc နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့သည်။

ညှိနှိုင်း

ထို့နောက် ဝန်ကြီး ဦးစိုးသာသည် ဟနွိုင်းမြို့ရှိ National Convention Center ၌ ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်၍ အာဆီယံ ကုန်စည်ကုန်သွယ်မှုသဘော တူစာချုပ်နှင့် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် အာဏာ သက်ဝင်ရေးကိစ္စတို့ကို ဆွေးနွေးညှိနှိုင်းပြီး တတိယအကြိမ် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

တက်ရောက်

ဝန်ကြီး ဦးစိုးသာသည် ဧပြီ ၈ရက် မွန်းလွဲပိုင်း၌ (၁၆)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့လည်းကောင်း၊ ညပိုင်း၌ (၁၆)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး အလုပ်သဘော ညစာစားပွဲသို့လည်းကောင်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

တိုင်းရင်းဆေးဖြင့် အခမဲ့ စမ်းသပ်ကုသမှု
နေပြည်တော်တပ်ကုန်း ဘုရင့်နောင်ရပ်ကွက်၌ ကျင်းပ

နေပြည်တော် ဧပြီ ၁၀

တိုင်းရင်းဆေးပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် နေပြည်တော်တပ်ကုန်း မြို့နယ် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်တိုင်းရင်းဆေး ကုဌာနမှ အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးမှုကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဧပြီ ၈ရက်က နေပြည်တော်တပ်ကုန်း ဘုရင့်နောင် ရပ်ကွက်၌ မြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်၊ လက်ထောက်တိုင်းရင်း ဆေးမှူး ဒေါ်စိန်ချိုနှင့် ဦးမောင်မောင်တို့သည် မြန်မာတိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောကြပြီး စစ်ဆေးကုသမှု များ ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ကူညီပံ့ပိုး

ထိုသို့ဆောင်ရွက်ရာတွင် ဘုရင့်နောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် အသင်းဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြသည်။

(ဝ၉၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း မင်္ဂလာသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သတိသမ္မဇဉ်ယှဉ်စေချင်** တရားတော် (ဆရာတော် သီတဂူ ဒေါက်တာ အရှင်ဉာဏိဿရ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၇)
၈:၃၀ Sports World (Sunday Special)
၈:၅၅ ခါသကြ္ကန်အဆိုအက
၉:၁၅ Activities in the City အမက(၈) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ
၉:၃၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)
၁၀:၁၀ မွေးရန့်တို့ဖြင့် ထုံမွှမ်းအပ်သော
၁၀:၂၅ ဖူးရောက်စေချင်သည် ဗန္ဓုသေလာဆံတော်ရှင် စေတီတော်ကြီးဆီ
၁၀:၄၀ သူတို့ပြောတဲ့ သင်္ကြန်ဖက်ရှင်
၁၁:၁၀ လူနေမှုဘဝ အလှထဲက မြန်မာ့သနပ်ခါး…
၁၁:၂၅ ဈေးဝယ်လမ်းညွှန် (BSX)
၁၁:၅၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၂:၀၅ မြို့ပြမြစ်ဘေးက…သူ
၁၂:၂၀ ဗီဒီယိုပြခန်း
၁၂:၄၀ ခါသကြ္ကန်အဆိုအက
၁:၀၀ **သတိသမ္မဇဉ်ယှဉ်စေချင်** တရားတော် (ဆရာတော် သီတဂူ ဒေါက်တာအရှင်ဉာဏိဿရ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း စိတ်ကူးယဉ်တာ ကောင်းတယ်၊ စိတ်ကူးမယဉ်တာ ကောင်းတယ်
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၇)
၄:၁၅ ခါသကြ္ကန်အဆိုအက
၄:၃၅ မွေးရန့်တို့ဖြင့် ထုံမွှမ်းအပ်သော
၄:၅၀ Activities in the City အမက(၈) မြောက်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲ
၅:၁၀ ခါသကြ္ကန်အဆိုအက
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ FA Cup Preview
၆:၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
၇:၀၅ ဈေးဝယ်လမ်းညွှန် (BSX)
၇:၃၀ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း စိတ်ကူးယဉ်တာ ကောင်းတယ်၊ စိတ်ကူးမယဉ်တာ ကောင်းတယ်
၉:၂၅ FA Cup (Tottenham Vs Porstmouth)
၁၁:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၇၇)
၁၁:၅၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ကိုတင်လှိုင်၏ ဒုတိယတေးတွဲ)
၁၂:၁၀ ကလေးများ၏ ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁၂:၃၀ အရသာထူးကဲ ဆယ့်နှစ်ရာသီပိန္နဲ
၁၂:၄၅ မှတ်မှတ်ရရ ရှိစေဖို့ ကယားဒေသဟင်းထုပ်
၁၂:၅၅ လှကဆန်းကြယ် မြန်မာ့ရွှေချည်ထည်
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၅:၂၅	Wolverhampton - Stoke City	Star Sports (Live)
၆:၅၅	Blackburn - Man U	ESPN (Live)
၉:၂၅	Man City - Birmingham	ESPN (Live)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၀၀	Tottenham - Porstmouth	Star Sports (Live)

"အေးချမ်းသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဧပြီ ၁၀

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်တွင်ကျရောက်မည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံ ပြိုင်ပွဲကို **"အေးချမ်းသာယာ ပြည်မြန်မာ"** ဟူသောခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀" × ၁၄" အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(ဂ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသောဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့်ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရ။
(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်ရ။
(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။
(စ) ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ် စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဆ) မိမိတို့၏ ပြိုင်ပွဲဝင်ဓာတ်ပုံများကို Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆုကျပ် တစ်သိန်း ငါးသောင်းနှင့် အထူးဆု ကျပ်တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Canon SLR ကင်မရာ EOS-1000D with 18-55mm Lens)ကို လည်းကောင်း၊ ဒုတိယဆုရရှိသူအား (Canon Compact Digital ကင်မရာ LXUS-95IS)ကိုလည်းကောင်း၊ တတိယဆုရရှိသူအား (Canon Compact Digital ကင်မရာ Power Shot A-480)ကိုလည်းကောင်း၊ အထူးဆုရရှိသူများအား ငွေသားကျပ် ၇၀၀၀၀တန် Canon Showroom တွင် ဈေးဝယ်ခွင့် ကူပွန်များကိုလည်းကောင်း ဆုများ ပါဝင်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင် ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်ပေါ်မြေပြန့် ဆင်နွှဲပျော်ရွှင် မြန်မာ့ယဉ်ကျေးမှု အတာရေသဘင်

ကျော်မင်းခေါင်

နွေတမန်ရွှေဥသြ၏ ချိုလွင်လွင်ကူသံများက ဝန်းကျင်တစ်ခိုတွင် လွှင့်ပျံ့လျက်ရှိချေပြီ။ ရင်ခတ်၊ ကံ့ကော်၊ ပိတောက်ဝါတို့လည်း ပင်လုံးကြိုင်၍ လှိုင်လှိုင်ပွင့်လေပြီ။ တန်ခူးလေသည် သင်းပျံ့သော ထိုပန်းရနံ့များကို ဆောင်ကြဉ်း၍ ဝန်းကျင်အနှံ့ ခရီးဆန့်လျက်ရှိ၏။ မကြာမီကာလအတွင်း မြန်မာနှစ်ဟောင်း ကုန်ဆုံး၍ မြန်မာနှစ်သစ် ၁၃၇၂ခုနှစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်သည်။ နှစ်သစ်ကူးပြောင်းခြင်းနှင့်အတူ နိုင်ငံ့မြို့တော် နေပြည်တော်ကို ဗဟိုပြုလျက် အမိနိုင်ငံတော်တစ်ဝန်းလုံးရှိ တောင်ပေါ်မြေပြန့် ဒေသအနှံ့၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအတာရေသဘင်ပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပေတော့မည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူမျိုးများသည် မိမိတို့ဒေသအလိုက် နှစ်သစ်ကူးပွဲတော်ကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကျင်းပလေ့ရှိကြသည်။ ထိုထိုသော နှစ်သစ်ကူးပွဲတော်များအနက် မြန်မာ့နှစ်ကူးအတာရေသဘင်ပွဲတော်သည်ကား ရည်ရွယ်ချက်လေးနက်မြင့်မားသကဲ့သို့ အသွင်သဏ္ဌာန်အားဖြင့်လည်း ယဉ်ကျေးမှုပုံရိပ်များ လွှမ်းခြုံထားသောကြောင့် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ယဉ်ကျေးမှုပွဲတော်တစ်ခုပင်ဖြစ်သည်။

မြန်မာ့နှစ်ကူး အတာရေသဘင်ပွဲတော် ကျင်းပသောကာလသည် အပူရှိန်ပြင်းပြသည့် နွေကာလဖြစ်သည့်အတွက် နွေကာလ၏ပြင်းပြသော အပူဒဏ်ကို အေးမြသောအတာရေဖြင့် ပက်ဖျန်း၍ အေးချမ်းလန်းဆန်းမှုကို ရရှိစေခြင်း၊ နှစ်ဟောင်း အညစ်အကြေးများကို နှစ်သစ်အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်သစ်၊ လူသစ်ဖြင့် နှစ်သစ်ကို ကြိုဆိုခြင်းစသည့် အချက်များသည် မြန်မာ့ရေသဘင်ပွဲ၏ လေးနက်မြင့်မားသော ရည်ရွယ်ချက်များဖြစ်သည်။ မြန်မာ့အတာရေသဘင်ပွဲတော်ကာလ၌ ယဉ်ကျေးပျော်ရွှင်စွာ ရေပက်ကစားခြင်း၊ ကျောင်းကန်ဘုရား၊ စေတီ၊ ပုထိုးများသို့ သွားရောက်၍ အလှူဒါနပြုလုပ်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း၊ သက်ကြီး ရွယ်အို ဘိုးဘွားများအား ခေါင်းလျှော်၊ လက်သည်း၊ ခြေသည်းလှီး၊ ခြေဆုပ်လက်နယ်ပြု၍ ကန်တော့ပစ္စည်း အစုံအလင်ဖြင့် ဂါရဝပြု ကန်တော့ကြခြင်း၊ သိုး၊ နွား၊ ကြက်၊ ငှက်၊ ဆိတ်၊ ငါးစသည့် သတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း စသည်တို့သည်လည်း မြန်မာ့သင်္ကြန်ပွဲ၏လှပသော ယဉ်ကျေးမှုပုံရိပ်များပင် ဖြစ်သည်။

သင်္ကြန်ဟူသည် သင်္ကြန္တဟူသော သက္ကတပုဒ်မှ ဆင်းသက်လာသည့် မြန်မာစကားဖြစ်ပြီး အနက်အဓိပ္ပာယ်မှာ ကူးပြောင်းခြင်းဖြစ်သည်။ မြန်မာ့အတာရေသဘင်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက် ပုဂံခေတ်ဦးမှစ၍ ကျင်းပခဲ့ကြသည်ဟု ပုဂံဝင်မှတ်တမ်းကျောက်စာများတွင် ရေးသွင်းဖော်ပြထားသည်။ ထန်းပင်များတွင် ဖြိုင်ဖြိုင်သီးနေသော ထန်းသီးများကို ဆွတ်ခူးသည့် ထန်းခူးလ(တန်ခူးလ)တွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြသည်။ **"သပြေခက်နှင့် ရေပက်သည်"**ဟူသော စကားရပ်သည် မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော်၏ ယဉ်ကျေးသိမ်မွေ့မှုကို လှစ်ပြသော စကားရပ်ပင်ဖြစ်သည်။

မြန်မာ့နှစ်ကူးသင်္ကြန်ပွဲ၏ ယဉ်ကျေးသိမ်မွေ့သော အလှတရားကို နယ်ချဲ့ဗြိတိသျှတို့ကပင် တလေးတစား မှတ်တမ်းတင်ခဲ့ရသည်။ ခရစ်သက္ကရာဇ် ၁၇၉၅ခုနှစ်က မြန်မာ့သင်္ကြန်ပွဲတော်ကာလအတွင်း၌ နယ်ချဲ့သံတမန်ကပ္ပတိန် မိုက်ကယ်ဆိုင်းသည် အရေးကိစ္စတစ်ခုဖြင့် ပဲခူးမြို့ရှိ မြန်မာအမျိုးသား ပဲခူးမြို့တော်ဝန်၏နေအိမ်သို့ ရောက်ရှိခဲ့သည်။ ထိုသို့ရောက်ရှိခဲ့ရာတွင် မြို့တော်ဝန်၏နေအိမ်၌ မြို့တော်ဝန်၏သမီးနှစ်ဦးက မိဘနှစ်ပါးအား မွှေးပျံ့သော စန္ဒကူးနှင်းရည်ဖြင့် ရိုသေစွာ ရေဖျန်းကန်တော့နေကြသည်ကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် နယ်ချဲ့သံတမန်မိုက်ကယ်ဆိုင်းသည် ၎င်း၏မှတ်တမ်း၌ မြန်မာတို့၏ သိမ်မွေ့သော သင်္ကြန်ယဉ်ကျေးမှုပုံရိပ်ကို တလေးတစား မှတ်တမ်းတင်ခဲ့လေသည်။

ရှေးမြန်မာအစဉ်အဆက်တို့သည် နှစ်သစ်ကူးသင်္ကြန်ပွဲတော် ကာလအတွင်း၌ (၁) ရုဒ(ငိုကြွေးပူဆွေးခြင်း)၊ (၂) မေထုန(မေထုန်သံဝါသပြုခြင်း)၊ (၃) မံသ (အသားဟင်းလျာစားသောက်ခြင်း)၊ (၄)သုရာ (သေရည်သောက်စားမူးယစ်ခြင်း)၊ (၅) ကောခ(အမျက်ထွက်ခြင်း၊ သတ်ပုတ်ခြင်း)၊ (၆) ရုခိရ (သွေးဖောက်၊ သွေးထုတ်ခြင်း)၊ (၇) တေလိက(ဆီလိမ်း၊ ဆေးလိမ်းခြင်း)၊ (၈) ရုက္ခစ္ဆေဒ(သစ်ပင်ဖြတ်ခြင်း၊ ထင်းခုတ်ခြင်း)၊ (၉) ကီဏ (ဝယ်ယူခြင်း၊ ကျီသွင်းခြင်း)၊ (၁၀) ဝိက္ကိဏ (ရောင်းချခြင်း၊ ဆိုင်ထွက်ခြင်း)ဟူသည့် အချက် ၁၀ချက်ကို အထူးသတိပြု၍ ရှောင်ကြဉ်ကြသည်။ သင်္ကြန်ကာလအတွင်း၌ ထိုအချက် ၁၀ချက်ကို အထူးပြု ရှောင်ကြဉ်နိုင်ပါက တစ်နှစ်တာကာလပတ်လုံး ကောင်းသော အကျိုးစီးပွားများကို ရရှိခံစားရမည်ဟုလည်း ယုံကြည်ကြသည်။

ရှေးမြန်မာတို့ ဆင်နွှဲကြသော အင်းဝခေတ် သင်္ကြန်ပွဲပုံရိပ်တစ်ခုကို အင်းဝခေတ် ကဗျာစာဆို ဦးမောင်ကြီးက…**"တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွှရရွှတည့်၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့် ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမဈာကရမက်၊ ပန်းပေါင်းဖက်၍ ရွှေခွက်အပြည့်၊ မွှေးမျိုးထည့်ကာ၊ သည်လှည့်ဆူလှယ်၊ စံတင့်ပယ်လျက်၊ မြူးရယ်ရွှင်အား၊ လွန်ပျော်ပါးသည်။ ကစားထုံရည်ဖျန်းတည့်လေး"**…ဟူ၍ ကဗျာရေးဖွဲ့ မှတ်တမ်းပြုခဲ့သည်။ ငြိမ့်ညောင်းသော စောင်းငြင်းထံတျာများ တီးခတ်ပြီး ပန်းပေါင်းစုံ ရောဖက်ထားသည့် မွှေးကြူသင်းပျံ့သော နံ့သာကရမက်ရည်များဖြင့် တစ်ဦးကိုတစ်ဦး ဖျန်းပက်ကာ၊ ရှေးမြန်မာတို့ သိမ်မွေ့ယဉ်ကျေးစွာ အတာသဘင်ပွဲ ဆင်နွှဲကြပုံကို ဦးမောင်ကြီး၏ ကဗျာ၌ ဂုဏ်ယူလွှမ်းမောဖွယ် တွေ့မြင်နိုင်သည်။

မျက်မှောက်ကာလ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော်ကို တောင်ပေါ်မြေပြန့် ဒေသအနှံ့မှ သွေးချင်းတိုင်းရင်းသားတို့ ပျော်ရွှင်စွာ ဆင်နွှဲကြရာတွင် ရခိုင်ဒေသမှ ရခိုင်သွေးချင်းတို့၏ ရိုးရာသင်္ကြန်ပွဲ ဆင်နွှဲပုံကလည်း တစ်မျိုးတစ်ဘာသာ ထူးခြားလှသည်။ သင်္ကြန်အကြိုနေ့ ညပိုင်းတွင် ရခိုင်ပျိုဖြူများသည် ရပ်ကွက်အလိုက် စုပေါင်းပြီး ကျောက်ပျဉ်များဖြင့် နံ့သာသွေးကြသည်။ သွေးယူရရှိသော နံ့သာရည်များကို ငွေဖလားကြီးများ၌ ထည့်၍ တစ်ညတာ သိမ်းဆည်းထားကြပြီး သင်္ကြန်အကျနေ့ နံနက်ပိုင်းတွင် အတီး အမှုတ်၊ အက အခုန်များဖြင့် ကျောင်းကန်ဘုရားများသို့ သွားရောက်ကာ ဘုရားဆင်းတုရုပ်ပွားတော်များကို နံ့သာရည်များဖြင့် ရေသပ္ပာယ်ပူဇော်ကြသည်။

ဘုရားရေသပ္ပာယ်သောနေ့တွင် ရေလောင်းရေပက်ခြင်း မပြုကြဘဲ နောက်တစ်နေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့အထိ ရိုးရာသင်္ကြန်ပွဲကို ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကြသည်။ ရခိုင်သွေးချင်းတို့ အတာသင်္ကြန်ပွဲ ဆင်နွှဲကြပုံမှာ… ခိုင်ခံ့လှပစွာ ဆောက်လုပ်ထားသော မဏ္ဍပ်ကြီးများထဲတွင် လောင်းလှေကြီးများထည့်သွင်းပြီး ထိုလောင်းလှေကြီးများ၌ ရေအပြည့်ဖြည့်ကာ အမျိုးသမီးများက လောင်းလှေကြီးများထဲမှ ရေများကိုဖလားများဖြင့်ခပ်၍ ရေပက်ကစားမည့် အမျိုးသားတို့၏ ရေပုံးများထဲသို့ ရေဖြည့်ပေးရသည်။ ယင်းနောက် အမျိုးသားတို့က ရေပုံးထဲမှရေများကို ရေခွက်ငယ်များဖြင့်ခပ်ပြီး တစ်ခွက်ချင်း ညင်ညင်သာသာ လောင်းပက်ကြသည်။ အမျိုးသမီးတို့ကလည်း လောင်းလှေကြီးများထဲမှရေကို ငွေဖလားများဖြင့်ခပ်ပြီး အမျိုးသားများကို ပြန်လည်လောင်းပက်ကြသည်။ လောင်းလှေကြီးများရှေ့တွင် ခုံတန်းများဖြင့် ရခိုင်ပျိုဖြူတို့က အဆင်သင့်နေရာယူကာ ထိုင်နေကြပြီး ရေပက်လာသူအစ်ကို ကာလသားတို့က မိမိကြိုက်နှစ်သက်ရာ အမျိုးသမီးကို ရွေးချယ်၍ ရေပက်ကစားခွင့်ရှိသည်။

အပြန်အလှန် ရေပက်ကစားကြသည့် အမျိုးသမီးများနှင့် အမျိုးသားများ၏ကြားတွင် သစ်သားတန်း သို့မဟုတ် ရာဇမတ်ကွက် ဝါးထရံဖြင့် စည်းခြားထားသည်။ ရေပက်ကစားသူ အမျိုးသားတို့သည် ရေပက်ကစားရင်း လွတ်လပ်ယဉ်ကျေးစွာ စကားပြောခွင့်ရှိသော်လည်း ရိုင်းစိုင်းကြမ်းတမ်းသော အမူအရာ၊ အပြောအဆိုများကို ပြုလုပ်ခွင့်မရှိ။ ရေပက်ကစားသူ အမျိုးသမီး ကို **"မရီးရှေ၊ မရီးရှေ"**ဟူ၍ ရခိုင်ဒေသ အခေါ်အဝေါ်အရ ယဉ်ကျေးစွာ ခေါ်ဝေါ်ပြောဆိုရသည်။ ယဉ်ကျေးသိမ်မွေ့ငြိမ်းချမ်းသော ရခိုင်သွေးချင်းတို့၏ သင်္ကြန်ပုံရိပ်များသည်ကား မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ပွဲတော်အလှ၏ တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။

မြန်မာ့အတာရေသဘင်ပွဲတော်၌ မွန်တို့ဒေသ မွန်ကျေးလက်များမှ မွန်သွေးချင်းတို့၏ အတာသင်္ကြန်ပွဲ ဆင်နွှဲပုံကလည်း ဒါနရိပ်လွှမ်းကာ အေးချမ်းသိမ်မွေ့လှသဖြင့် မှတ်သားဖွယ်ကောင်းလှသည်။ သင်္ကြန်အကြိုနေ့မှစ၍ ကျေးလက်ဓလေ့အလိုက် ပျော်ရွှင်စွာ ရေပက်ကစားကြပြီး ရွာလုံးကျွတ် စတုဒိသာအလှူပွဲကို သင်္ကြန်အတက်နေ့အထိ ပြုလုပ်ကြသည်။ လာသမျှ ဧည့်သည်သည် မည်သည့်အိမ်တွင်မဆို မွန်ရိုးရာ သင်္ကြန်ထမင်းကို ဝင်ရောက် စားသုံးလို့ရသည်။ ဖယောင်းနံ့သင်းနေသော မွန်ရိုးရာ သင်္ကြန်ထမင်းသည် မကျန်းမမာဖြစ်ပြီး ခံတွင်းပျက်နေသူကိုပင် မြိန်ရှက်စေသည်။ ငါးခြောက်ကိုပြုတ်၍ သရက်သီးနှင့် သုပ်ထားသော သင်္ကြန်စာသည် ဖယောင်းနံ့သင်းနေသော သင်္ကြန်ထမင်းနှင့် လိုက်ဖက်လွန်းလှသည်။ ဒါနရိပ်လွှမ်းသော မွန်သွေးချင်းတို့၏ ကျေးလက်သင်္ကြန်ပွဲသည်လည်း မြန်မာ့ယဉ်ကျေးမှု အတာသဘင်ပွဲတော်၏ အလှစာမျက်နှာတစ်ခုပင်ဖြစ်သည်။

နှစ်များအလီလီ ပြောင်းလဲလာခဲ့သည်နှင့်အမျှ မြန်မာ့ယဉ်ကျေးမှုအတာရေသဘင်ပွဲတော်၏ တချို့သော အစိတ်အပိုင်းများတွင် အမျိုးသားရေးစရိုက်လက္ခဏာများ ကွယ်ပျောက်လာပြီး အနောက်တိုင်း သရုပ်ပျက်စရိုက်များ လွှမ်းမိုးလာသည်ကို တွေ့မြင်ရသည်။ အထူးသဖြင့် ဝတ်စားဆင်ယင်မှု၊ ပြုမူလှုပ်ရှားမှုများမှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ဆန့်ကျင်သည့် တိုင်းတစ်ပါးမှ မူမမှန်သော ယဉ်ကျေးမှုသွင်ပြင်များဖြင့် ဟီရိဩတ္တပ္ပတရား ကင်းမဲ့လာသည့် အနေအထားမျိုးသို့ ရောက်ရှိလာခဲ့သည်။ မြန်မာ့အတာရေသဘင်ပွဲတော်သည် လူမျိုး၊ ဘာသာမရွေး၊ အဆင့်အတန်း၊ အသွေးအရောင်မရွေး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခွင့်ရှိသည့် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ကမ္ဘာလှည့်ခရီးသည်များသည်လည်း မြန်မာ့ရေသဘင်ပွဲတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

သို့အတွက် တိုင်းတစ်ပါးသားတို့က မြန်မာတစ်မျိုးသားလုံးအပေါ် အထင်အမြင် သေးသွားဖွယ်ရာဖြစ်သည့် ဟီရိဩတ္တပ္ပကင်းမဲ့သည့် ဝတ်စားဆင်ယင်မှုမျိုး၊ အနောက်အရပ်မှ ဟစ်ပီများကဲ့သို့ စက်ဆုပ်ရွံရှာဖွယ်ရာ ပြုမူလှုပ်ရှားမှုအမျိုးမျိုးတို့ကို "ငါတို့သည် မြန်မာ" ဟူသော အမျိုးသားရေး အသိစိတ်ဖြင့် ရှောင်ကြဉ်ကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်၏ ယဉ်ကျေးမှုအလှကို ထိန်းသိမ်းသင့်ကြပေသည်။ ထို့ပြင် သူတစ်ပါးအား ဒဏ်ရာ အနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ၊ နိုင်ငံတော်အစိုးရအပေါ် အကြည်ညိုပျက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများကိုလည်း မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အလှကို ရိုက်ချိုးဖျက်ဆီးမည့် အချက်များအဖြစ် မှတ်ယူပြီး သတိပြု ရှောင်ကြဉ်ကြရမည် ဖြစ်ပေသည်။

၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်၏ ထူးခြားမှုတစ်ခုမှာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း တန်ခူးလတွင် သင်္ကြန်ကာလ ကျရောက်ခြင်းမရှိဘဲ တန်ခူးလကုန် ကဆုန်လဆန်း ၁ရက်နေ့မှစ၍ မဟာသင်္ကြန် အကြိုနေ့ ကျရောက်နေခြင်းပင်ဖြစ်သည်။ ထို့ပြင် ယခုနှစ် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကျင်းပမည့် ၂၀၁၀ခုနှစ်သည် အမိနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကျင်းပမည့်နှစ်လည်း ဖြစ်နေသည့်အတွက် ဤနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်ပွဲတော်သည်ကား ပိုမို လေးနက်သည့်အဓိပ္ပာယ်ကို ဆောင်လျက်ရှိပေသည်။ သင်္ကြန်ပွဲတော် နွှဲပျော်ကြပြီး များမကြာမီကာလအတွင်း၌ မြန်မာပြည်သူအပေါင်းသည် အမိနိုင်ငံတော်သစ်ကြီး၏ အနာဂတ်အရေးကို တာဝန်ယူကြမည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ စိစစ်ရွေးချယ်ကြရတော့မည် ဖြစ်ပေသည်။

သို့အတွက် ၂၀၁၀ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာရေသဘင်ပွဲတော်ကို တောင်ပေါ်မြေပြန့်ဒေသအနှံ့မှ သွေးချင်းပြည်သူ အပေါင်းတို့သည် ယဉ်ကျေးပျော်ရွှင်စွာ ဆင်နွှဲကြပြီး အမိနိုင်ငံတော်သစ်ကြီးကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်များဖြင့် ကြိုဆိုကြပါစို့ဟူ၍ ဆန္ဒပြု တိုက်တွန်းလိုက်ရပါသည်။ ။

ဆုမွန်

* တစ်နှစ်ကူး၍
ကြည်မွေ့ပျော်ရွှင်၊ ရေသဘင်ဝယ်
နှစ်စဉ်ဆင်နွှဲ၊ ခြိမ့်ခြိမ့်သဲမျှ
သူလည်းပျော်မြူး
ကိုယ်ကြည်နူးကာ၊ အထူးနှုတ်ဆက်
နံ့သာခွက်ဖြင့်၊ ရေပက်ကစား
စဉ်လာများနှင့်၊ ဘိုးဘွားအမွေ
တစ်သွေမတိမ်း၊ တို့ထိန်းသိမ်းအံ့။

* အညီအဟောက်၊ ဖောက်ပြားမလျော်
မတော်ဝတ်စား၊ သံစဉ်များနှင့်
မနားနှိပ်စက်၊ တီးကွက်မမှန်
ခုန်ပျံသောင်းကျန်း
ဟော့ရမ်းလုပ်ရပ်၊ တစ်ခန်းရပ်စေချင်။

* မြန်မာစိတ်ရင်း၊ ညစ်ကြေးကင်း၍
ကောင်းခြင်းဝေဠု၊ မြင်ကွင်းလှသည့်
မြန်မာ့သင်္ကြန်၊ ဖြစ်စေသော်ဝ်။ ။

မောင်ရည်တင့် (မအူပင်)

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ် ကဆုန်လဆန်း ၂ ရက်မှ ၄ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

ဤအခါသမယတွင် မြန်မာတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာရပြုခြင်း၊ ရှင်ပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

ဓလေ့အစဉ်အလာ

ထို့အပြင် နှစ်ဟောင်းတွင် အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့် အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်း မွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာ ရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံချင်အောင် နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

ရည်ရွယ်ချက်များ

၁၃၇၁ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်-

(က) ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ စိတ်ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေပြီး နိုင်ငံတော်၏ တာဝန်များကို နှစ်သစ်တွင် စွမ်းအားအပြည့်ဖြင့် ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု မြန်မာ့ဟန် မြန်မာ့ရိုးရာယဉ်ကျေးမှု အနှစ်သာရများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်။

နှိုးဆော်

သို့ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို မထိခိုက်စေရန်အတွက် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည် -

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ ပြုမူမှုများ၊

(ခ) ဘာသာတရားများ၏ အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါး နှောင့်ယှက်မှုများ၊

(ဃ) တစ်ပါးသူ၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ။

မြန်မာ့အလင်း ဖောင်ပိတ် ပရီမီယာလိဂ်သတင်း

ဘန်လေတို့ အမှတ်ပြည့်ယူပြီးအိမ်ပြန်၊ ဝက်စ်ဟမ်းတို့ အိမ်ကွင်း၌နိုင်ပွဲရ

မောင်မောင်မြင့်ဆွေ ရေးသားသည်

လန်ဒန် ဧပြီ ၁၀

ပရီမီယာလိဂ်ပွဲစဉ်(၃၄)ကို ဧပြီ ၁၀ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ရန် ကြိုးစားနေသည့် ဟူးလ်စီးတီးနှင့် ဘန်လေတို့ပွဲတွင် ဧည့်သည် ဘန်လေတို့က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်းတို့ပွဲ၌ အိမ်ရှင်ဝက်စ်ဟမ်းတို့ တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသဖြင့် တန်းဆင်းဇုန်အနီးမှ လွတ်မြောက်နိုင်ခဲ့သည်။

ဟူးလ်စီးတီးနှင့် ဘန်လေတို့ပွဲတွင် ဘန်လေမှ ပီတာဆင် (လယ်) ချေပဂိုးကို ဤသို့ သွင်းယူပေးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဟူးလ်စီးတီးနှင့် ဘန်လေ

နှစ်သင်းစလုံး တန်းဆင်းဇုန်အတွင်းမှ ဖြစ်၍ အားထည့်ယှဉ်ပြိုင်ခဲ့ကြသည်။ အိမ်ရှင် ဟူးလ်စီးတီးတို့ ပွဲအစ၌ တိုက်စစ်ဖွင့်၍ ကစားခဲ့ရာ သုံးမိနစ်၌ပင် ကီဘာနီက ဟူးလ်စီးတီးအတွက် အဖွင့်ဂိုး စောစီးစွာ သွင်းယူပေးခဲ့သည်။

ဘန်လေတို့က ကစားကွက်တည်ပြီး အပေးအယူ မှန်မှန်ဖြင့် ကစားခဲ့သဖြင့် ၃၅မိနစ်၌ ပီတာဆင်က ချေပဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ပထမပိုင်း တစ်ဂိုးစီသရေပွဲဖြစ်နေသော်လည်း ဒုတိယပိုင်းတွင် ဘန်လေတို့ ကစားအားတင်ခဲ့ရာ ၆၄မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှ အလက်ဇန္ဒားက ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန်မိနစ် ၇၀၌ ဘန်လေတို့ ပယ်နယ်တီပြစ်ဒဏ်ဘော ထပ်မံရရှိရာ အလက်ဇန္ဒားကပင် ထပ်မံသွင်းယူခဲ့သဖြင့် ဘန်လေတို့ သုံးဂိုးရရှိခဲ့သည်။ တစ်ဖန် ပွဲချိန်ပြည့်ရန် စက္ကန့်ပိုင်းအလို၌ အီလော့က တစ်ဂိုး သွင်းယူခဲ့ပြန်သဖြင့် ဘန်လေတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းဆင်းဇုန်မှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်းနှင့် ဆန်းဒါးလန်း

ဝက်စ်ဟမ်းတို့ ကံကောင်းစွာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဧည့်သည် ဆန်းဒါးလန်းတို့က အနိုင်ရရှိရေး ဖိဖိစီးစီးကစားခဲ့သဖြင့် ဝက်စ်ဟမ်းတို့ သတိထားဟန့်တားခဲ့ရသည်။ ပွဲချိန် ၅၁မိနစ်၌ ဝက်စ်ဟမ်းမှ အီလန်က အဖွင့်ဂိုးနှင့် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် ဝက်စ်ဟမ်းတို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အင်တာနက်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အိမ်အမှတ်(၂၀၂)တွင် ပါတီရုံးချုပ်တည်ရှိသော မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ·ခ·မ·ည·ဖ) MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O) က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၉-၄-၂၀၁၀ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ၊ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ·ခ·မ·ည·ဖ)

MRO OR KHAMI NATIONAL SOLIDARITY ORGANIZATION (M.K.N.S.O)

မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ·ခ·မ·ည·ဖ)၏ အလံပုံစံ



မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့(မ·ခ·မ·ည·ဖ)၏ တံဆိပ်ပုံစံနှင့် ရုံးတံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လူကုန်ကူးမှုတိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် လူကုန်ကူးသူတရားခံများအား ထိရောက်ပြင်းထန်စွာအရေးယူမည်

နေပြည်တော် ဧပြီ ၁၀

တာချီလိတ်မြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေး အထူးအဖွဲ့သည် ဧပြီ ၄ရက် ညနေ ၅နာရီခန့်က တာချီလိတ်မြို့နယ် ပါခုတ်ကျေးရွာ ဘုန်းကြီးကျောင်းအနီး၌ လူကုန်ကူးသူ စိုင်းဝန်းတစ်၊ စိုင်းယီတစ်နှင့် စိုင်းလုံတို့ သုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့ သုံးဦးသည် အသက်(၁၇)နှစ်မှ (၂၄)နှစ် အကြားရှိ အမျိုးသား အမျိုးသမီး ငါးဦးတို့အား တစ်ဖက်နိုင်ငံတွင် လိမ္မော်ခြံနှင့် အိမ်ဖော်အလုပ်အတွက် တစ်လလျှင် ဘတ် ၅၀၀၀ဖြင့် အလုပ်ရမည်ဟု စည်းရုံး၍ တစ်ဖက်နိုင်ငံသို့ တရားမဝင် ပို့ဆောင်ရန် ခေါ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လူကုန်ကူးခံရသူ ငါးဦးတို့အား ၎င်းတို့ မိဘများထံ ပြန်လည်အပ်နှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးသူသုံးဦးအား တာချီလိတ်ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

အလားတူ တာချီလိတ်မြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေးအထူးအဖွဲ့သည် ဧပြီ ၄ရက် ညနေ ၆နာရီခန့်က ဆွတ်ဆိုင်တံတားအနီး၌ တာချီလိတ်မှ မိုင်းဖုန်းသို့ မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကို မသင်္ကာဖွယ်ရာ တွေ့ရှိရ၍ စစ်ဆေးရာ အသက်(၂၄)နှစ်နှင့် (၂၆)နှစ်အရွယ် အမျိုးသားနှစ်ဦးအား တစ်ဖက်နိုင်ငံတွင် အလုပ်ရမည်ဟု စည်းရုံး၍ ခေါ်ဆောင်လာသူ စိုင်းခမ်းနွန်းအား တာချီလိတ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း၊ လူကုန်ကူးခံရသူ နှစ်ဦးအား ၎င်းတို့မိဘများထံ ပြန်လည်အပ်နှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ မူဆယ်မြို့နယ် လူကုန်ကူးမှု တိုက်ဖျက်ရေးအထူးအဖွဲ့သည် ဧပြီ ၆ရက် နံနက် ၉နာရီခန့်က မူဆယ်အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ဝင်ရောက်လာသော ကားတစ်စီးပေါ်၌ မသင်္ကာဖွယ်အမျိုးသမီး နှစ်ဦးအား တွေ့ရှိသဖြင့် မူဆယ်အထူးအဖွဲ့ရုံးသို့ ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံသားနှင့် အိမ်ထောင်ကျကာ ယင်းနိုင်ငံ၌ အခြေချနေသော မသန္တာစိုးသည် မတ် ၁၉ ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်သို့ ရောက်ရှိလာပြီး အသက်(၁၅)နှစ်အရွယ်ရှိ ၎င်း၏ ညီမဝမ်းကွဲအား တစ်ဖက်နိုင်ငံသို့ လိုက်ခဲ့ရန်နှင့် တစ်ဖက်နိုင်ငံသားနှင့်လက်ထပ်ရန် စည်းရုံးခေါ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မသန္တာစိုးအား မူဆယ်ရဲစခန်း၌ အမှုဖွင့်အရေးယူပြီး လူကုန်ကူးခံရသူအား မူဆယ်လူမှုဝန်ထမ်းဦးစီးဌာနသို့ အပ်နှံထားရှိကာ မိဘများထံ ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှိန်အဟုန်မြှင့်ဆောင်ရွက်

နိုင်ငံတစ်ဝန်း လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လူကုန်ကူးမှုမခံရရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိသော လူကုန်ကူးသူ တရားခံများအား ထိရောက်ပြင်းထန်စွာ အရေးယူ အပြစ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၁၀

မြန်မာပီဂျီအေနှင့် Asian Tourတို့ပူးပေါင်းကျင်းပပြီး Title Sponsor အဖြစ် Air Bagan Ltd က အဓိကကူညီပံ့ပိုး၍ Presenting Sponsor အဖြစ် International Beverages Trading Co.,Ltd. (IBTC) က ထပ်မံပံ့ပိုးကူညီသည့် Air Bagan Myanmar Open 2010 ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယနေ့(၁၈)ကျင်းပြိုင်ပွဲကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ Pun Hlaing Golf Club (Host Venue)၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

တတိယနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီးတွင် Tetsuji Hiratsuka (Japan)က သုံးရက်ပေါင်းရိုက်ချက် ၁၉၈ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

Prayad MARKSAENG (ထိုင်း) **(အပေါ်ပုံ)**က သုံးရက်ပေါင်းရိုက်ချက် ၂၀၁ချက်ဖြင့် ဒုတိယ၊ Hideto TANIHARA (ဂျပန်)က သုံးရက်ပေါင်းရိုက်ချက် ၂၀၄ချက်ဖြင့် တတိယ၊ Thaworn WIRATCHANT (ထိုင်း)က သုံးရက်ပေါင်းရိုက်ချက် ၂၀၆ချက်ဖြင့် စတုတ္ထလိုက်နေသည်။

မြန်မာနိုင်ငံမှ ရန်မျိုးအေးက သုံးရက်ပေါင်းရိုက်ချက် ၂၁၁ချက်ဖြင့် အဆင့် (၂၅)တွင်ရှိနေပြီး နိုင်နိုင်လင်းနှင့် သိန်းဇော်မြင့်တို့က သုံးရက်ပေါင်းရိုက်ချက် ၂၁၃ချက်စီဖြင့် အဆင့်(၄၅)၌ ရှိနေကြသည်။

ကူညီပံ့ပိုး

အဆိုပါ ပြိုင်ပွဲကို Co- Sponsor အဖြစ် Elite-Tech က ထပ်မံကူညီပံ့ပိုးပြီး Sedona Hotel (Yangon) က (Official Hotel) အဖြစ်လည်းကောင်း၊ Srixon က (Official Ball) အဖြစ်လည်းကောင်း ပါဝင်ကြသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဧပြီ ၁၁ရက် နံနက် ၇နာရီခွဲတွင် ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတကာရှိ ဟိုတယ်ကြီးများနှင့် အပျော်စီးသင်္ဘောလိုင်းများ၌ ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် AKP International Hotel Tourism Centre က အစားအစာနှင့် အဖျော်ယမကာတည်ခင်းဝန်ဆောင်မှုသင်တန်း၊ အစားအစာချက်ပြုတ်ပြင်ဆင်မှုသင်တန်း၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးဝန်ဆောင်မှုသင်တန်းနှင့် ဟိုတယ်အင်္ဂလိပ်စကားပြောသင်တန်းများကို ထိရောက်စွာသင်ကြားပေးလျက်ရှိသည်။

ထပ်မံဖွင့်လှစ်

အဆိုပါသင်တန်းများအနက် အခွင့်အလမ်းကောင်းများစွာရရှိသော ဟိုတယ်သင်တန်းများကို ရွေးချယ်တက်ရောက်လာကြရာတွင် စားဖိုမှူးအလုပ်အကိုင်သည်လည်း လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း တစ်ရပ်ဖြစ်လာသောကြောင့် အဆိုပါသင်တန်းကို စိတ်ဝင်စားသူ မြန်မာလူငယ်များအတွက် AKB International Hotel & Tourism Training Centre က Food Safety Persoual Hygiene & Grooming၊ Safety at Work၊ International Cooking Techniques၊ European Cuisine, Asian Cuisine နှင့် International Cuisineသင်တန်းများကို မေ ၃ရက်တွင် တန်းခွဲသစ်တစ်ခု ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းများတွင် ဝန်ထမ်းများလိုအပ်ပါက အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၂၅၄၅၄၁ နှင့် ၂၅၀၄၈၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၃ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများစုပေါင်းပြီး မြို့တွင်းမီးသတ်ရေကန်များမှ အမှိုက်များ ဆယ်တင်ရှင်းလင်း၍ ရေဖြည့်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးသင်းဦး ဦးဆောင်၍ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

သန်လျင်ဒေးဇက်ရွာအနီး စက်လှေတစ်စင်းနစ်မြုပ် တစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဧပြီ ၁၀

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ် သရက်ပင်ချောင်းဆိပ်ကမ်းမှ ထွက်ခွာလာသော စက်လှေတစ်စင်းသည် ဧပြီ ၈ရက် ညနေ ၅နာရီခန့်တွင် သန်လျင်မြို့နယ် ဒေးဇက်ကျေးရွာဆိပ်ကမ်းနှင့် ၇၅ပေခန့်အကွာတွင် စက်လှေဝမ်းဗိုက်ပေါက်ကာ နစ်မြုပ်သွားခဲ့ကြောင်း၊ စက်လှေနစ်မြုပ်မှုကြောင့် စက်လှေပေါ်ပါရှိသည့် ခရီးသည် ၁၅ဦးအနက် တစ်ဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်းနှင့် စက်လှေပေါ်၌ တင်ဆောင်လာသည့် ဘိလပ်မြေနှင့် မြေဆီအိတ် ၃၀ခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမိုး၏

မီး သတိပြု

ဂုဏ်ယူဝမ်းမြောက်ခြင်း

G-4 ကုမ္ပဏီအုပ်စု၏ နေပြည်တော်ရှိ အောင်သပြေ အဆင့်မြင့် ရုပ်ရှင်ရုံဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း။

ဦးဇော်ဝိတ် (MD) FISCA Enterprises

ရဲမှူးချုပ် စိုးမြင့်ထွန်း (ငြိမ်း)

(MD) Best Supporting Services Co., Ltd.

ပုလဲရတုမင်္ဂလာရက်မြတ်ဆုတောင်း

ချစ်ဖေကြီး ဦးခင်ဝင်း (ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသ **စိမ်းလန်းစိုပြည်ရေးဦးစီးဌာန) နှင့် ချစ်မေကြီး ဒေါ်ယဉ်ရွှေ (အလပြ- ငြိမ်း)**တို့၏ ၁၁-၄-၂၀၁၀ရက်တွင် ကျရောက်သည့် ပုလဲရတုမင်္ဂလာ ရက်မြတ်မှသည် နှောင်ရတုပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံစွာဖြင့် လောကီ၊ လောကုတ္တရာ အကျိုးနှစ်ဖြာကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီး - ဒေါက်တာနှင်းလဲ့ခင်

(House -Surgeon - SPH)

ချစ်သား - မောင်ရွှေဖြိုး

(Final Part - I, UM-1)

အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ သီတာလမ်းနေ ဦးမြလွင် ၁၀/မလမ(နိုင်) ၁၇၆၇၅၁၏ သားဖြစ်သူ မောင်သစ်လွင်(ခ)ဘီလား ၁၀/မလမ(နိုင်)၂၃၅၄၉၃သည် မိဘနှင့် ညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ ၄င်း၏ သဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း၊ ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း လက်ခံ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြင့်မြင့်စိန်

LL.B., D.A., D.B.L., D.M.L.,

တရားရုံးချုပ်ရှေ့နေ(စဉ်-၄၇၈၃)

တိုက် ၁၀/၁၂၊ အခန်း ၀၀၄/အေ၊ မြေညီထပ်၊ ၃၅လမ်း(အောက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေး မိုင်းဖြတ်၌ ဟောပြော

မိုင်းဖြတ် ဧပြီ ၁၀

မိုင်းဖြတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားကို မတ်၂၄ ရက် နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်သန်းက တီဘီရောဂါအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

စာစောင်များဖြန့်ဝေ

ထို့နောက် အခမ်းအနား တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူတို့အား တီဘီရောဂါအကြောင်း ပညာပေး နံရံကပ်စာစောင်နှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

(ခရိုင် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ကံ့ကော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်လွင်သန့်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖျာပုံခရိုင်အတွင်း စာကြည့်တိုက် ၃၆ခု ခရိုင်လုံးကျွတ် ဆောက်လုပ်ပြီးစီး

ဖျာပုံ ဧပြီ ၁၀

ဖျာပုံခရိုင်အတွင်း ၂၀၀၉-၂၀၁၀ဘဏ္ဍာနှစ် နိုင်ငံတော်မတည်ငွေဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံ ၃၆ခုကို မတ်၁၀ရက်တွင် ခရိုင်လုံးကျွတ် ဆောက်လုပ် ပြီးစီးခဲ့ပြီဖြစ်သည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ စာကြည့်တိုက်များ အနက် ဖျာပုံမြို့နယ်အတွင်း ဆောက်လုပ်ပြီးစီးပြီဖြစ်သော သမိန်ထောကုန်းတန်းကျေးရွာ၊ ရွှေမင်းသားကျေးရွာ စာကြည့်တိုက်ကို ဖျာပုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ကြည်နှင့် မြို့နယ်ဦးစီးမှူး ဒေါ်မာမာလွင်တို့ ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှု စစ်ဆေး၍ စာငှားစနစ်ရှိပြီး သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်ရေးတို့ကို ဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်က အဆိုပါလမ်းသစ် မုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ယာဉ်နှင့်လမ်းစည်းကမ်း ဓနုဖြူ၌ ပညာပေးဟောပြော

ဓနုဖြူ ဧပြီ ၁၀

မအူပင်ခရိုင် ဓနုဖြူမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကော်မတီနှင့် ထော်လာဂျီအသင်း ဥက္ကဋ္ဌတို့ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၆ရက်က မြို့မဓမ္မာရုံ၌ကျင်းပရာ ဓနုဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင် ဥပဒေအရာရှိ ဦးစိုးမြင့်၊ ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဝင်းနိုင်၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးအောင်ကျော်လင်း၊ ဓနုဖြူမြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများတိကျစွာ လိုက်နာရန်နှင့် ယာဉ်မတော်တဆမှု လျော့နည်း ကျဆင်းရေးအတွက် ရှင်းလင်းပြောကြားသည်။ **(မြို့နယ်ရဲတပ်ဖွဲ့)**

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

မြို့သာယာလှပရေး ကျောက်ကြီး၌ ဆောင်ရွက်

ကျောက်ကြီး ဧပြီ ၁၀

မြို့သန့်ရှင်း သာယာလှပရေး စီမံချက်အရ ကျောက်ကြီးမြို့တွင်း ဗျူဟာလမ်း လမ်းဘေး ဝဲ၊ ယာ အမှိုက်များရှင်းလင်း သိမ်းဆည်းခြင်း လုပ်ငန်းကို မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် အဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့သည်။

(မြို့နယ်စည်ပင်)

လင်းလင်းစာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီးမြို့နယ် မိုးကုလားအရှေ့စုကျေးရွာ၌ ဖွင့်လှစ်

တိုက်ကြီး ဧပြီ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် မိုးကုလားကျေးရွာအုပ်စု မိုးကုလားအရှေ့စုကျေးရွာတွင် လင်းလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၈ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သီဟ၊ ရပ်မိရပ်ဖဦးဟန်စိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်ဆွေမြင့်**(အောက်ပုံ)**တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် ဗိုလ်မှူးကြီး အောင်သီဟ၊ ရပ်မိရပ်ဖ ဦးဟန်စိန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်အောင်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က သုတရသစာအုပ်စာစောင်များနှင့် ရေဒီယိုတစ်လုံးတို့ကို ပေးအပ်လှူဒါန်းကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်က စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးသိန်းထိုက်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အတွင်း ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများအနက်မှ (မြို့ပြလမ်း) အမက(၁၂) အဝင်လမ်း ကတ္တရာလမ်းသစ်ကို မတ်၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် လမ်းကော်မတီဝင် ရပ်မိရပ်ဖ ဦးသန်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာပြည်၏ ပထမဦးဆုံး e-medication ဝန်ဆောင်မှု မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

Blue Ocean Operating Management Co ကကြီးမှူး၍ Medical & Universal Helpline Product Launch အခမ်းအနားကို ဧပြီ ၁ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြ ဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပရာ Blue Ocean Operating Management Co မှ ဥက္ကဋ္ဌဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကား ပြောကြားပြီး i Topia ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. Ng See Nguan က Medical Helpline & Universal Helpline အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်နိုင်

ယင်းနောက် Blue Ocean Operating Management Co မှ ဥက္ကဋ္ဌနှင့် i Topia ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာတို့က Universal Helpline လုပ်ငန်းဆောင်ရွက်ရန်အတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

Medical Helpline (MHL) သည် မြန်မာပြည်တွင် ပထမဦးဆုံးသော e-medication ဝန်ဆောင်မှုဖြစ်ပြီး စရိတ်နှင့် အချိန်ကုန် သက်သာစွာဖြင့် ပြည်တွင်းပြည်ပမှ ပါရဂူ များဖြင့် ဆွေးနွေးနိုင်မည်ဖြစ်သည်။ ထို့အပြင် တယ်လီဖုန်းဖြင့် ကျန်းမာရေး ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဆိုင်၊ ဆေးပေးခန်းတို့၏ တည်နေရာကို မေးမြန်းစုံစမ်းခြင်း၊ တယ်လီဖုန်းဖြင့် စိတ်ကုထုံးများ ကုသပေးခြင်း (Psychologist Therapy)တို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အကြံပေး

MHL သည် ကျန်းမာရေးနှင့်စပ်လျဉ်းသော သတင်းများ၊ အကြံပေးချက်များ၊ ရည်ရွယ်ချက်များနှင့် ဆေးညွှန်းများကို ပြောကြားပေးမည့် ဝန်ဆောင်မှုဖြစ်ပြီး ဆက်သွယ်လာသူများအား အတွေ့အကြုံရှိ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာဝန်များ၊ ပါရဂူကြီးများက Standard Protocol များအတိုင်း ကျန်းမာရေး အကြံပေးချက်များကို ဖြေကြားပေးကြမည်ဖြစ်သည်။ လွယ်ကူသက်သာပြီး နားလည်၍ အသုံးပြုရလွယ်သော MHL သည် တယ်လီဖုန်းရှိသူတိုင်း သို့မဟုတ် နီးစပ်ရာအများပြည်သူသုံး တယ်လီဖုန်းများကလည်း အသုံးပြုနိုင်ပြီး မေးမြန်းသူများအား တိကျမြန်ဆန် မှန်ကန်သော အကြံပေးချက်များကို ပေးနိုင်မည်ဖြစ်သည်။

MHLနှင့် ဆက်သွယ် ဆောင်ရွက်ခြင်းကြောင့် ဆရာဝန်များနှင့်ပါရဂူများထံ လူကိုယ်တိုင် မသွားရောက်နိုင်သော အခြေအနေတွင် ထိရောက်သော အကြံဉာဏ်ကို ရယူနိုင်ခြင်း၊ ၂၄နာရီ ကျန်းမာရေး အထောက်အကူ ရရှိနိုင်ခြင်း၊ ပျံ့နှံ့ရန် လွယ်ကူသော ရောဂါကြီးများဖြစ်သည့် Swine Flu, A(H1N1) နှင့် အသက်အန္တရာယ်ရှိစေသော Heart Attack, Stoke စသော အရေးပေါ် အခြေအနေများတွင် တိကျမြန်ဆန်သော ကျန်းမာရေး အကြံဉာဏ်နှင့် လုပ်ထုံးလုပ်နည်းများကို ရယူနိုင်ခြင်း၊အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းသူများအတွက် လွယ်ကူသက်သာစွာ အိမ်မှနေ၍Montly Check-upပြုလုပ်နိုင်ခြင်းနှင့်ကမ္ဘာ့အဆင့်မီဆေးပညာ ဗဟုသုတနှင့် အကြံဉာဏ်များ ရယူနိုင်မည်ဖြစ်သည်။

ဆက်သွယ်နိုင်

Medical Helpline Service နှင့် ဆက်သွယ်ဆောင်ရွက်လိုသူများသည် Blue Ocean Operating Management Co အမှတ်(၃၂) ပင်လုံရိပ်မွန် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်မြို့ e-mail:hhn @blueoceanmmgt.com ဖုန်း ၀၉-၅၁၅၀၈၈၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မတ် ၂၈ရက်က ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလှူရှင် ဦးမြင့်အောင်ကျော်တို့ စဉ့်ကိုင်မြို့နယ် ဆည်ရွာ အခြေခံပညာအလယ်တန်းကျောင်း အောင်မင်္ဂလာကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကျေးလက်အိမ်ရာ ထူထောင်ရေး မတ္တရာမြို့နယ်၌ ပညာပေးဟောပြော

မတ္တရာ မတ် ၃၀

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာ ထူထောင်ရေးပညာပေး ဟောပြောပွဲနှင့် အိုးပိုင်အိမ်ပိုင် ဓာတ်လမ်းခွေ ပြသပေးခြင်းလုပ်ငန်းများကို မတ် ၈ရက် နံနက်က သဖန်းကိုင်းအုပ်စု မြောင်းသစ်ကျေးရွာ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဇော်နှင့် တောအုပ်များ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးဇော် **(အပေါ်ပုံ)**က ၂၀၁၀-၂၀၁၁ခုနှစ်တွင် တစ်ရွာတစ်ဧက ယူကလစ်စိုက်ခင်းလုပ်ငန်းအတွက် ၂၁ရွာ၊ တစ်အိမ်ထောင်လျှင် ယူကလစ်အပင် ၂၀ စိုက်ပျိုးရေးအတွက် ၂၁ရွာ၊ တစ်အိမ်ထောင် ကျွန်းသုံးပင် လုပ်ငန်းအတွက် ရွာ ၂၀နှင့် လူတစ်ဦးလျှင် ကျွန်း တစ်ပင်အတွက် ၁၃ရွာ၊ စုစုပေါင်း ကျေးရွာ ၇၃ရွာ၌ ကျေးရွာပြည်သူများ စုပေါင်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း ရှင်းလင်းဟောပြောသည်။

ပြသခဲ့

ဆက်လက်၍ တောအုပ်များဖြစ်သော ဦးသန်းနိုင်၊ ဦးအောင်ဇော်လတ်၊ ဦးလင်းငွေ၊ ဦးမြင့်နိုင်၊ ဦးစောကပေါ်ထူး၊ ဦးဇော်ဦးတို့သည် မတ္တရာမြို့နယ်အတွင်း မိမိတာဝန်ကျရာ ကျေးရွာအုပ်စုများသို့ ကွင်းဆင်းဟောပြောပြီး ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ရေးအတွက် အိုးပိုင်အိမ်ပိုင် ပညာပေး ဓာတ်လမ်းခွေကို ကျေးရွာ ၂၀၌ ကွင်းဆင်း ပြသပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေ

ပူတာအိုမြို့ ဆေးရုံသွားလမ်းဘေး ဝဲယာချုံနွယ်များကို မတ် ၁ရက်က မြို့နယ်စည်ပင်သာယာရေး ဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိန်မြမိုးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် ရွက်ဖျန်းဆေးရည်အသုံးပြုပုံ အမရပူရမြို့နယ်၌ ရှင်းလင်း

မြစ်ငယ် ဧပြီ ၆

မန္တလေးတိုင်း အမရပူရမြို့နယ် ဆောက်တောဝကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၀)ရှိ တောင်သူဦးဝင်းမော်၏ လယ်မြေတွင် နွေစပါးခြောက်ဧကကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲနှင့် ရွက်ဖျန်းဆေးရည်အသုံးပြုပုံ ရှင်းလင်းပွဲကို မတ် ၇ရက်က ကျင်းပြရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးကျော်သိန်း၊ ခရိုင်မန်နေဂျာ ဦးကျော်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် တောင်သူ ၇၀ တက်ရောက် ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမန်နေဂျာ ဦးကျော်သိန်းနှင့်အဖွဲ့သည် ဂွတ်(ဒ်)ဘရားသား(စ်) ကုမ္ပဏီလီမိတက်မှ ထုတ်လုပ်သော ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ကူညီပံ့ပိုးပေး

ထို့နောက် ရှင်းလင်းဆောင်တွင် ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးပညာရှင် ဦးကျော်တင့်က စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို လည်းကောင်း၊ ရှမ်းမောမြေ သဘာဝမြေသြဇာကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် ဦးတင်မောင်မြင့်နှင့် ဦးစံရင်တို့က သဘာဝရွက်ဖျန်း အပင်အားဖြည့်ဆေးရည် အသုံးပြုပုံနည်းများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး သဘာဝလယ်ယာမြေ ပြန်လည်ထူထောင်နိုင်ရန် တောင်သူ ၂၀အား ဧက ၂၀အတွက် တစ်ဦးလျှင် ဓာတ်မြေသြဇာ နှစ်အိတ်နှင့် ရွက်ဖျန်းဆေး နှစ်ပုလင်းစီ ကူညီပံ့ပိုးပေးခဲ့သည်။ **(၀၈၀)**

ကြို့ပင်ကောက်မြို့နယ်၌ စိုက်ပျိုးရေရရှိရေး ဆောင်ရွက်

ပဲခူး ဧပြီ ၅

ပဲခူးတိုင်း (အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာအုပ်စု ကုန်းမြင့်ကျေးရွာ ရန်ကုန်-ပြည်လမ်းတွင် မတ် ၆ရက်က ကားလမ်းအနောက်ဘက်ခြမ်းမြို့ စိုက်ပျိုးရေရရှိရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အုန်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြိုင်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြို့နယ်မော်တော်ယာဉ် အစည်းအရုံးအတွင်းရေးမှူး ဦးဆန်းဦးနှင့် အဖွဲ့ဝင်များ၊ ဥက္ကံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၀၀ကျော်ခန့်တို့သည် ရန်ကုန်-ပြည်ကားလမ်း အနောက်ဘက်ခြမ်း စိုက်ပျိုးရေရရှိရေးအတွက် ရေမြောင်းများ တူးဖော်ခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေသွယ်လမ်းများ ဖောက်လုပ်ခြင်းများ ဆောင်ရွက်ကြသည်။

(၁၈၀)

မီးဘေး ကြိုတင်ကာကွယ်ရေး မန္တလေးပြည်ကြီးတံခွန်၌ ဆောင်ရွက်

မန္တလေး ဧပြီ ၅

မန္တလေးတိုင်း မီးသတ်ဦးစီးဌာနနှင့် မန္တလေးခရိုင် အရန်မီးသတ်ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်းများကို မတ် ၆ရက်က မန္တလေးပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်ဈေး၌ ဆောင်ရွက်သည်။ ရှေးဦးစွာ ခရိုင်မီးသတ် ဦးစီးအရာရှိ ဦးမြကြိုင်မှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဦးမှ အရေးပေါ်မီးလောင်ပါက အနီးရှိ အဝတ်ကို ရေစွတ်ရေစိမ်ပြီး မီးကို ငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်နည်းများကို တစ်ဦးချင်းဈေးသူ ဈေးသားများအား လက်တွေ့ငြိမ်းသတ်ခြင်း ပြုလုပ်ပြသသည်။

ပြောကြား

ထို့နောက် ခရိုင်မီးသတ်ဦးစီးအရာရှိသည် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တံခွန်တိုင်ဈေးအတွင်းနှင့် ရပ်ကွက်အတွင်းကွင်းဆင်း၍ မီးချိတ်မီးကပ်ထားရှိမှု၊ သဲပုံးရေပုံးထားရှိမှု၊ လျှပ်စစ်ဝိုင်ယာကြိုးသွယ်တန်းထားမှု၊ အရေးပေါ် မီးသတ်ကား ဝင်ရောက်နိုင်မှု၊ ရေအလွယ်တကူ ရရှိမှုများကို လည်းကောင်း၊ မီးဖိုမီးသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေးကို အထူးအလေးပေးလိုက်နာရန် ပြောကြားသည်။

(၀၉၀)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

လယ်ယာမြေများ အကျိုးပြုနေသည့် ကဝမြို့နယ် ပိုင်ကျုံရေထိန်းတံခါး



နေပြည်တော် ဧပြီ ၁၀

မရောက်တာ ကြာပြီဖြစ်သော မွေးရပ်မြေသို့ မကြာမီရက်ပိုင်းအတွင်းက ကျွန်တော် တစ်ခေါက်ရောက်ခဲ့ရသည်။ ဇာတိမြေသည် ပဲခူးမြို့နယ်အပိုင်ဖြစ်၍ ပဲခူးမြစ်ကမ်းနဖူးတွင် တည်ရှိသော ကင်းပိုင်ကျုံရွာကြီးဖြစ်သည်။ မရောက်တာ နှစ်တွေကြာ၍လားတော့မသိ၊ ကိုယ့်ရွာကိုပင် ကိုယ်မမှတ်မိလောက်အောင် ရွာအသွင်အပြင်က ပြောင်းလဲ၍သွားခဲ့လေပြီ။

တိုးမြှင့်ဖွင့်လှစ်

ရွာလမ်းတွေကလည်း ဖြောင့်တန်းညီညာချောမွေ့နေသကဲ့သို့ အိမ်တွေကလည်း နှစ်ထပ်တိုက်တွေက များလာသည်။ နိုင်ငံတော်မှ ကျေးလက်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးများပေးထားသည်။ ပညာရေးဘက်တွင်လည်း မူလတန်းကျောင်းမှသည် အလယ်တန်းအထိ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ●

သတင်းမြင်ကွင်း - မိုးမြင့်လွင် ❖ ဓာတ်ပုံမှတ်တမ်း-သတင်းထောက် ထွန်းလွင် ❖ စာမျက်နှာဖွဲ့စည်းမှု -ဝင်းချို(မြန်မာ့အလင်း)

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကိုသစ္စာ - ရေးသားသည်

ကမ္ဘာ့အသေးငယ်ဆုံး တယောလေး

တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ အသက် ၆၆ နှစ်အရွယ် ချန်လန်ကျီအမည်ရှိ အမျိုးသားကြီးတစ်ဦး ပြုလုပ်ထားသည့် တယောလေးမှာ ကမ္ဘာပေါ်တွင် တီးခတ်၍ရသော တယောများအနက် အသေးငယ်ဆုံး တယောလေးဖြစ်သည်။

အရှည်

ယင်းတယောလေး၏ အရှည်မှာ တစ်စင်တီမီတာမျှသာ ရှိသည်။ ပုံမှန် တယောတစ်လက်၏အရှည်မှာ ၃၅ ဒသမ ၅ စင်တီမီတာရှိသည်။ တရုတ်အမျိုးသားကြီး ချန်လန်ကျီသည် အဆိုပါတယောကို အချိန် သုံးနှစ်ကြာမျှ ပြုလုပ်ခဲ့ရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ထူးခြားသည့် နေ့အပူချိန် ၁၀-၄-၂၀၁၀

➢	ချောက်မြို့	၄၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ်
➢	မင်းဘူးမြို့	၄၅ ဒီဂရီစင်တီဂရိတ်
➢	မုံရွာမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	မန္တလေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	မြင်းခြံမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	ညောင်ဦးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	မကွေးမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	အောင်လံမြို့	၄၄ ဒီဂရီစင်တီဂရိတ်
➢	ပခုက္ကူမြို့	၄၄ ဒီဂရီစင်တီဂရိတ်

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

11-4 (20).pmd 1 4/11/2010, 1:35 AM